# ညှင်မ




ဒဿဃရဲ့ဂီတ

# အခန်း(၁)

"မင်းဆက်ပြီး ခေါင်းမာနေဦးမယ်ဆိုရင် ငါ့ကိုစိန်ခေါ်တာလို့ သတ်မှတ်မယ် ... ငါးမိနစ်အတွင်း ဆုံးဖြတ် ..."

"ကျွန်တော့်ဆီမှာ တကယ်မရှိဘူး ... ဖိုးကဲနဲ့ စောကြီးတို့ ယူသွားတာ ..."

"ဟွန်း ..."

စီးကရက်မီးခိုးတို့ မှုတ်ထုတ်ရင်း ဟွန်းခနဲ မဲ့ပုံက အေးစက်ခြင်းတွေ လွှမ်းခြုံနေသည် ။ ပြီးတော့ မီးခိုးလွင့်နေသည့် စီးကရက်က သူ့မျက်နှာနားကပ်လာသည် ။ အောင်မင်း ကတုန်ကယင်တွေ ဖြစ်ကာ မျက်နှာလည်း တွန့်သွားသည် ။ ထိကပ်မတတ် စီးကရက်မီး၏ အပူငွေ့က လည်ပင်းဆီ ရောက်သွားသည် ။ သူအသက်ရှူတွေပြင်းလာကာ ...၊

"သ ... သူဌေး ကျွန်တော့်ကိုချမ်းသာပေးပါ၊ ကျွန်တော်တကယ်မသိ ...."

"နှစ်မိနစ်ရှိသွားပြီ ..."

အောင်မင်း အာခေါင်တွေ ခြောက်နေတာ အက်ကွဲမတတ်ဖြစ်လာသည် ။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ သူဌေးရဲ့ လက်ရုံးတွေက လက်ပိုက် ကြည့်နေကြ၏။ ပိုက်ထားသည့် လက်တွေက လှုပ်ရှားပြီဆို မြန်သည် ။ ရက်စက်ဖို့ ဆို လက်ကမတွန့်ကြ။ ဒါကိုသိနေသဖြင့် ပူလောင်လာ

သည့် ရင်ထဲက သောကသည် လည်ချောင်းတွေကို တံတွေးမျို၍ မရ အောင် နာကျင်လာစေကာ ...၊

"သူဌေးရယ် ... ကျွန်တော့်ကို အား ..."

ရင်ဘတ်ကို ဆေးလိပ်မီးနဲ့ ထိုးပြီမှန်းသိလိုက်သည် နှင့် အလန့်တ ကြားထအော်၏။ ထိုအခါ လက်ဝါးတစ်ဖက်က သူ့ဆံပင်တွေပေါ် ဖတ်ခ နဲ ရောက်လာသည် ။

"ငြိမ်ငြိမ်နေ ..."

ခေါင်းကိုဖိကိုင်ထားပြီး ဘာလုပ်နေသလဲ ဆိုတာ သူသိလိုက်သည် ။ လည်ပင်းမှာ ဆွဲထားသည့် ရွှေဖြူကြိုးမှာ ပယင်းဆွဲပြားလေး ရှိသည် ။ စီးကရက်မီးကို ဆွဲပြားမှာ ဖိခြေပစ်နေခဲ့လျက် ...၊

"ဒီလိုသတ္တိမျိုးနဲ့ မင်းကင့်ါကို ကျော်ချင်ခွချင်နေတာလား ..."

အောင်မင်း ခေါင်းတွင် တွင် ခါရင်း ဘာမှ ထပ်မပြောဝံ့ဘဲ ဖြစ်သွား သည် ။ သူ့ရှေ့မှာ ရပ်နေတာ မင်းမြတ်စည် ဖြစ်နေသောကြောင့် နောက် ထပ် စကားမှားလို့ မဖြစ်တာကို သတိချပ်နေရသည် ။ အသက်ငယ်ငယ် နှင့် ကျောက်မျက် လောကတစ်ခုလုံးကို ကိုင်မြှောက် ကစားပစ်နေသည့် သူဌေး ...။ ကျောက်တွင်းတွေ ပိုင်သလို ခေတ်မီ စက်ကိရိယာတွေနှင့် အလုပ်သမားတွေ အသက်အာမခံအထိ သူ့ဘက်က တာဝန်ကျေသည် ။ သို့သော် လက်တစ်လုံးခြား ပြောတာကို မကြိုက်။ မမှန်မကန် ဖြောင့် ချက်တွေကို မုန်းသည် ။ သူပေးထားသည့် အခွင့်အရေးထက် သာလွန် အောင် နုတ်ဖဲ့ယူတာမျိုးကို ခွင့်မလွှတ်တတ်သူ ...၊

ခြောက်ပေကျော်သည့် အရပ်နှင့် ပါးလျသည့် ကိုယ့်ခန္ဓာက နွဲ့သည် ။ ပခုံးကျော်သည့် ဆံပင်တွေကို ဒီတိုင်းချထားသဖြင့် သူ့ပုံစံက မဟာဆန်

ပြီး ယောက်ျားပီသသည် ။ သို့သော် ရက်စက်ပြီဆိုလည်း သူ့ပုံစံသူ့စကား သံနှင့် လိုက်မမီအောင် ထိုသူသည် ...၊

"နှစ်မိနစ်နဲ့ သုံးဆယ့်ငါး ..."

"ပြောပေါ့မယ် ..."

ကမန်းကတန်း ခေါင်းညိတ်လိုက်ရင်း နှုတ်ခမ်းပေါ် လျှာနဲ့ သပ်လိုက်ပြီးမှ ...၊

"ပစ္စည်းကို စောကြီးကပဲ ..."

အောင်မင်းထံမှ အဖြေတွေ ထွက်လာချိန်တွင် သူ့မြင်ကွင်းတည့်တည့်က ခနိခက်တွေ ကာထားသည့် တဲနောက်ခြမ်းမှာ လှုပ်ရှားမှုလေး တစ်ချက် ဖြစ်သွားသည် ။ မင်းမြတ်စည် မျက်လုံးတွေ ကျဉ်းမြောင်းသွားသည် ။ ပြီးတော့ ခါးပတ်ကြားထဲမှာ ထည့်ထားသည့် ဓားဆီ လက်ရောက်သွားသည် ။ လူဆိုတာ သိသည် ။ ထွက်လာမည့် သူ မဟုတ်မှန်းလည်း သိလိုက်သည် ။ ထို့ကြောင့် အသက်တစ်အောင့် အတွင်းမှာ သူ့လက်ထဲကဓားသည် ပစ်ပေါက်ရန် အဆင်သင့် ဖြစ်သွားလျက် ...၊

"ဟင် ..."

သူဘယ်လိုမှ မယုံနိုင်။ မြို့နဲ့ အလှမ်းကွာသော ဒီလိုတောခေါင်ခေါင် နေရာမှာ ...

သူစိုက်ကြည့်နေတုန်း ဖွေးနုသွယ်လျသည့် လက်ချောင်းလေးတွေက ကန့်လန့်ကာစ ဖယ်သလို ခနိခက်တွေပေါ် ဖျတ်ခနဲ ကိုင်သည် ။ ပြီးတော့ ချက်ချင်း ပြန်ရုပ်သွား၏။ သိပ်မကြာလိုက်ခင် သူ့ကို တအံ့တဩ ငေးမောစေသောအရာသည် အညိုရောင့်ရင့် ရှည်လျားသော ဆံနွယ်တွေ အိအိနွဲ့နွဲ့ ဝဲဖြာကျလာ၏။ ထို့နောက် ပြေပြစ်သည့် နဖူးထောင့်

လေး တစ်ခြမ်းရယ် ဖွေးနုဝင်းမွတ်နေသည့် ပါးရိုးလေး တစ်စွန်းတစ်စ . .. ထို့နောက်တွင် ဓနိကာ၏ နောက်ကွယ်ကနေ ခိုးချောင်းခိုးဝှက်လေး ပေါ်လာသည့် စိမ်းညို့နက်မှောင်သော သွယ်တန်းသည့် မျက်ခုံးတန်းလေးနှင့် မျက်တောင်ကော့တို့ ဝန်းရံနေသော မျက်ဝန်းညိုလေး တစ်ဖက် ...၊

သူ့မျက်လုံးနဲ့ တန်းတန်းမတ်မတ် ဆုံသွားတော့ မျက်တောင်ဖျားတို့ ပြူးခနဲ ပင့်ကပ်သွားသည် ။ နှစ်စက္ကန့်လောက် အထိတ်တလန့် ဆုံသွားခဲ့ပြီး မျက်ဝန်းလေး ဖျတ်ခနဲ ပျောက်ကွယ်သွား၏။ ပြီးမှ ဆံနွယ်ရှည်တို့ မျောလွင့် ရောပါလေသည် ။ တဲနောက်ဖေး အကွယ်ကနေ ဆံနွယ်တွေက အရင် သူ့ကို လာကြည့်ကြသည် ။ ဆံနွယ်တွေကပဲ နောက်ချန် နှုတ်ဆက်သွားခဲ့ပြီး ...

"ဘယ်သူလဲ ..."

အမှတ်တမဲ့ တွေးနေပြီးမှ သူလွှားခနဲ ခုန်လိုက်ပြီး တဲနောက်ဖေးကို ရောက်သွားခဲ့၏။ သူရောက်သွားချိန်မှာ တဲနောက်ဖေး စိုက်ခင်းလေးထဲက အပင်တချို့ လှုပ်ယိမ်း ကျန်ရစ်တာကိုသာ မြင်ရကာ ...၊

"ဘယ်ရောက်သွားတာလဲ ..."

တစ်ယောက်တည်း ရေရွတ်ပြီး အရူးလို ပြောလိုက်မိသည် ။ ပတ်ဝန်းကျင်ကို မျက်လုံးကစားရင်း တောစပ်ရောက်မှ ခြေစုံရပ်မိ၏။

"ဟေ့ ... မင်းကိုမြင်တယ်နော်၊ ထွက်လာမလား ... ငါဆွဲထုတ်ရမလား ..."

ပတ်ဝန်းကျင်က တိတ်ဆိတ်နေဆဲ...။ မင်းမြတ်စည် မချင့်မရဲတွေဖြစ်ကာ လက်ချောင်းတွေကို ဖိဆုပ်ပစ်ရင်း ကျွတ်ခနဲ ဖြစ်သွားသည် ။

ဘယ်တုန်းကမှ အမှတ်တမဲ့ ငေးငိုင်တာတွေ မဖြစ်ခဲ့ဘူးပဲ သူဘာဖြစ်တာလဲ ...။ မျက်လုံးထဲမှာ မျက်ဝန်းလေး တစ်ဖက်က စွဲထင်နေခဲ့သည်။ မိန်းကလေးတစ်ယောက်၏ အရပ်နှင့် ဆို အနည်းဆုံး တင်ပါးအောက်ထိ ရှည်နိုင်သော ဆံနွယ်တွေကို ဖျောက်ဖျက်လို့ မရ။ သူထိုနေရာမှာ ပဲ မကျေမနပ် ရပ်နေမိရင်း ထပ်ပြီး ခေါ်ထုတ်နေလည်း အပိုပဲဆိုတာ သိလိုက်သည့် အချိန်မှာ 'ငါညံ့တာ' လို့ စိတ်က ဖြစ်၏။

ဒါသည် လည်း ကိုယ့်ကိုယ်ကိုယ်ဘယ်တုန်းကမှ အပြစ်မတင်တတ်ခဲ့သော ဒုတိယ ကျိုးပေါက်ခြင်း တစ်ခု ...၊

* * * * *

# အခန်း(၂)

"ခင်ဗျားသမီး ရုပ်လေးလှတာပဲရှိတာ ... စကားလည်း မပြောနိုင်၊ ဘာပ ညာမှ လည်း မတတ် ... ဒါကို ကျုပ်က ဘယ်လောက်တောင် လျှော်ပေးရဦးမှာ လဲ၊ မရဘူး ... ကြွေးစာရင်းကိုပဲ လျှော်ပေးနိုင်မယ်၊ လယ်ကိုတော့ ပြန်မပေးနိုင်ဘူး ..."

"မလုပ်ပါနဲ့ ကိုချစ်တီးရယ် ..."

"ကျုပ်ကို ချစ်တီးလို့ မခေါ်နဲ့ ..."

မြန်မာပေမဲ့ လူက နဖူးပြောင်ပြောင် အသားက မည်းပြာပြာ၊ တိုင်းရင်းသား အင်္ကျီပွပွကို ပုဆိုးတိုတိုနှင့် ဝတ်ထားသေးသည် ။ တစ်ခုဖြေသာသေးတာက ချစ်တီးဆိုသည့် အရင်းရှင် လူသားသည် အသက်လေးဆယ်ကျော် ငါးဆယ်ဝန်းကျင်ပေမဲ့ ခုချိန်ထိလူပျိုကြီး ...။ လူပျိုကြီးပေမဲ့ မိန်းမ တစ်ယောက်ကို ကြွေးနဲ့ သိမ်းယူခြင်း အတွက် ဘယ်သူ့ကိုမ ဂရုမစိုက်။ ပစ္စည်းတစ်ခုခုနဲ့ လဲယူသလို အတိုးအရင်း ပေါင်းသည် ။ လူကိုငွေနဲ့ ချိန်စက်၍ အကျိုးအမြတ် တွက်နေသည် ။ ထို့ပြင် ...၊

"ခင်ဗျားတို့ က မိန်းမချော မိန်းမလှလေး တစ်ယောက် ကောက်မွေးထားလို့ အကြွေးကျေတာ ... ဒါနဲ့ တောင် အတိုးလျှော့ပါ အရင်းဖြတ်ပါနဲ့ "ဆိုတာက ပါသေးသည် ။ မွေးစားမိဘ ဆိုပေမဲ့ လောဘ ကြီးလှချေလား ငယ်စဉ် ကလေးဘဝတည်းက ကိုယ် ပြုစုစောင့်ရှောက်ခဲ့ရတဲ့ မိန်း

ကလေး။ ဟိုတုန်းကတော့ စီးပွားရေးပြေလည်သည် ။ တောမှာ နေပေမဲ့ ကိုယ့်ပတ်ဝန်း ကျင်မှာ ဆိုရင် ကိုယ်အချမ်းသာဆုံး။ သမီးလေးကိုလည်း ကိုယ့်ဝမ်းနဲ့ လွယ် မွေးရသလိုပါပဲ …၊

"ကဲ … ဘယ်မှာ လဲ သုမနော၊ မြန်မြန် လက်မှတ်ထိုးရအောင် … သွားလိုက်ဖမ်းချေ၊ လူခွဲရှာကြဗျာ … ကျုပ်ကအလုပ်အားတာ မဟုတ်ဘူး …"

"ငါတို့ သမီးက ထွက်ပြေးနေတာမဟုတ်ပါဘူး … ဒီမှာ လည်း အရပ်ထဲ ကလူတွေအများကြီးပဲကိုချစ်တီးရယ်၊ စာချုပ်အရင် ချုပ်လိုက်ပါ … ညနေမစောင်းခင် သမီးကို လာပို့ …"

"အလိုဗျာ … ကျုပ်က စာချုပ်ပြီး သုမပါဘဲ လှည့်ပြန်သွားရအောင် ရူးနေတယ် မှတ်လို့ လား …"

ခါးနှစ်ဖက်ထောက်ပြီး အနားမှာ ပတ်လည်ဝိုင်းနေကြသည့် ပတ်ဝန်းကျင်လူတွေကို လှည့်ပတ်ကြည့်သည် ။ လူတွေက ဒီနေရာမှာ သက်သေလုပ် ပေးဖို့ လာကြတာမဟုတ်ပေ။ သုမနောကို ချစ်တီးကြွေးနဲ့ သိမ်းတော့မယ်ဆို ပြီး လာကြည့်နေကြတာဖြစ်သည် ။ နယ်စွန်နယ်ဖျား တိုင်းရင်းသားအများ စုဝေးနေထိုင်ကြသည့် ရွာလေးဟာ မြို့ပြနဲ့ ဝေးသည် ။ ဖွံ့ဖြိုးမှုနည်း၏။ ရွာ ဆိုတာလည်း အိမ်ခြေလေးနှစ်ဆယ်ကျော် လောက်နှင့် အိမ်ထောင်စုလူဦးရေ က ပိုများ သောကြောင့် စည်ကားနေတာဖြစ်သည် ။ ဒီလိုရွာလေးမှာ ကြွေးရှင် မြီးရှင်တွေက ကိုယ့်ရွာသားချင်းလည်း မညှာ။ တခြားရွာက ကြွေးရှင်တွေလည်း ဒီအတိုင်း။ ကြွေးမြီနဲ့ ပတ်သက်လာသမျှ ဖြေရှင်းနည်းတွေက နှစ်ဟောင်း ထုံးတမ်းအစဉ်အလာတွေ အတိုင်း …၊

"ဟေး … ငါ့ကောင်တွေ ဘယ်မှာ လဲဟေ့၊ ကတုံးတို့ ရောရှိလား …"

"ကျုပ်တို့ ရှိတယ်ကိုချစ် ... လူစုံရှိတယ် ..."

"အေး... နှစ်ယောက်စီခွဲပြီး အနောက်လမ်းကြားကနေ ပတ်ရှာ၊ အရှေ့ဘက် ရေတံခွန်ဟောင်းကနေ ကျွဲကြီးတို့ ကို ပိတ်ထားခိုင်း ..."

"ကိုချစ်တီးရေ ... အဲ့လိုတော့ ငါ့သမီးကိုမလုပ်ပါနဲ့ ၊ သူ့ခမျာ ဒုက္ခိတ လေးပါ ... ပိုလန့်သွားပါမယ် ..."

"ဟုတ်ပါတယ်ဟယ် ... ငါ့သမီးလေးကို ငါဖျောင်းဖျထားပါတယ်၊ ဒီညနေ ..."

"မစောင့်နိုင်ဘူး ... မစောင့်နိုင်ဘူး၊ လုပ်စရာရှိတာလုပ်ရမှာ ပဲ ... နေ့ရွေ့ ညရွေ့နဲ့ နှစ်ပတ်ကျော်ပြီ၊ ပြီးရင် ကျုပ်က လူကြီးတွေ ဖိတ်ပြီး ကျွေးရမွေးရဦးမယ့် အစီအစဉ်တွေက ရှိသေးတယ်၊ ဒါပဲနော် ... လူလူသူသူ လုပ်ပေးမလို့ စီစဉ်ထားတာတွေက ကျုပ်ဒေါသဖြစ်လာရင် ကျုပ်မယား မဟုတ်ဘဲ ကျွန် ဖြစ်သွားလိမ့်မယ် ..."

"ဟိတ်ကောင် ... မင်း ..."

ဦးတဆစ် ဒေါသတွေနဲ့ လက်သီးထပြင်သည် ။ ချစ်တီးက ဂရုမစိုက် ။ လက်တစ်ဖက်မှာ စာချုပ်ကြီး တဖြန်းဖြန်းခါနေကာ တစ်ဖက်ကခါး ထောက် ရင်း ...၊

"ဟိတ်ကောင်တွေ ... တွေ့ရင်ဆွဲခေါ်လာခဲ့၊ ဆွဲတာမရရင် ကြိုးနဲ့ ပါတုပ်"

ပြောနေရင်း ဘယ်လိုလောဘတွေ တက်လာသည် မသိဘဲ စာချုပ်ကို သူလွယ်ထားသည့် အိတ်ထဲ ထိုးကြိတ်ထည့်လိုက်ပြီး ပုဆိုးကို တိုသ ထက်တိုအောင် ပြင်ဝတ်သည် ။ ပြီးတော့ ...၊

"မဖြစ်ဘူး ... ငါကိုယ်တိုင် လိုက်ဖမ်းမယ်၊ ငါ့နောက်က နှစ်ယောက်

လိုက်ခဲ့ ..."

"ဒုက္ခပါပဲ တဆစ်ရယ် ... ငါ့သမီးလေး ကြောက်လန့်နေတော့မှာ ပဲ၊ လုပ်ပါဦး ..."

"နင်ပေးစားမှာ ပဲမို့လား ... ကြည့်နေလိုက်တော့၊ မဟုတ်ရင် ငါလူသတ် မိလိမ့်မယ် ..."

"အို ... မဖြစ်ဘူး၊ ကျွန်မတော့ လိုက်မှာ ပဲ ..."

ဇနီးဖြစ်သူ ပြေးလိုက်သွားတော့ ဦးတဆစ်လည်း ပုဆိုးတိုတိုပြင်ဝတ်ပြီး လိုက်ရတော့သည် ။ ထို့နောက် စပ်စုလိုသည့် ရွာသားတချို့ပါ အပြေးအလွှား လိုက်သွားကြကာ ...၊

ဒီရွာမှာ လူဖမ်းပွဲတွေလည်း ရှိတတ်လေသည် ။

* * * * *

# အခန်း(၃)

"မင်းတို့ သူပြောတဲ့ အတိုင်း ထုံးကျောက်ရွာကို ဆက်လိုက်သွား ..."

"ဟုတ်ကဲ့သူဌေး ..."

"စံပြတို့ က သူ့နားမှာ နေ ... ကျားကြီးတို့ ဘက်က မီးနီပြလိုက်တာနဲ့ သူ့ကို ရှင်းပစ်လိုက်တော့ ..."

"အဲ့လိုတော့ အမိန့်မပေးပါနဲ့ သူဌေးရယ် ... သူဌေးတို့ ဒီထိလိုက်လာနေပြီဆိုတာ သတင်းကြားပြီး လွတ်ရာ ထွက်ပြေးနေကြရင် ပြေးမှာ ၊ သူတို့ အဲဒီမှာ မရှိရင် ဘယ်ဘက် ပြေးနိုင်သလဲ ဆိုတာ ကျွန်တော် ပြောပြနိုင်ပါ တယ် ..."

"ခွပ် ..."

တစ်ယောက်က လက်သီးတစ်လုံး ပစ်သွင်းပစ်လိုက်ကာ ...၊

"မင်းက ငါတို့ ကို သောက်ချဉ် မှတ်နေသလား အောင်မင်း ... ဘယ်နှနေရာ ထပ်ရှိသလဲ ခုပြောစမ်း၊ မဟုတ်ရင် တစ်ဆင့်ချင်း မေးပြီး မင်းကိုအ သက်ရှူခွင့် ပေးနေမှာ မဟုတ်ဘူး ဆိုတာ သဘောပေါက် ..."

အောင်မင်းက မင်းမြတ်စည် ဘာမှ မပြောတာကို အားကိုးတကြီး လှမ်းကြည့်သည် ။ သို့သော် သူ့ကိုကျောခိုင်းပြီး လှည့်ထွက်သွားတာမြင်မှ ...၊

"ပြောပါ့မယ် ... ငါ့ကိုတော့ သက်ညှာပေးပါ ..."

အောင်မင်း၏ စိတ်ပျက်လက်လျှော့သံကို သူကြားသည် ။ ကြားကြား မကြားကြား သူ့အမိန့်က ဒါပဲမို့ နောက်ထပ် လှည့်ကြည့်ဖို့ လည်း စိတ်မကူး။ အလုပ်သမားတွေ အလုပ်ကြမ်း လုပ်ရမှာ ကိုလည်း မကြောက်။ ကျောက်အောင်ပြီ ဆိုလည်း ခိုးချင်ဝှက်ချင်တွေ လုပ်လာကြသည် ။ ကိုယ်ရတာလည်း လိုချင်သည် ။ သူများ ရတာကိုလည်း လိုချင်သေးသည် ။ ဒီလိုနေရာမှာ ရိုးသားကြိုးစားတဲ့ အလုပ်သမားဆိုတာ မရှိ။ ထို့ကြောင့် သူပြင်ဆင်ထားခဲ့တာ သူကောင်းရင် ကိုယ်မဆိုးဖို့ ...၊

"လိုက် လိုက် ..."

"ဟိုမှာ ... ဟိုဘက်ကို ပြေးနေတာ ..."

မင်းမြတ်စည် ခြေလှမ်းတုံ့သွားသည် ။ ကားကို ရွာနားမှာ ပဲထားခဲ့ပြီး အောင်မင်း ပုန်းခိုနေသည့် တောထဲထိ လမ်းလျှောက်လာခဲ့ရတာမို့ ကားဆီပြန်တော့လည်း တော်တော်နဲ့ မရောက်နိုင်။ သို့သော် လူသံတွေက တောခြောက်ပြီး တိရစ္ဆာန် တစ်ကောင်ကောင် လိုက်ဖမ်း နေကြတာလား မသိ။ ခြေလှမ်းကို ခပ်နှေးနှေး ဆက်လှမ်းရင်း လှုပ်ရှား ပြေးလွှားနေသည့် အသံဗလံတွေ ထွက်နေရာကို နားစွင့်ကြည့်နေမိ၏။

"ဟာ ... ဟိုမှာ သုမနော၊ သုမနောဆရာ ..."

"ဟုတ်တယ် ... ဟုတ်တယ် ကုန်းထိပ်ကွယ်နေတာ၊ ဟိုမှာ ပြေးပြီ ကောင်မလေး ..."

"လိုက်စမ်းပါဟ ..."

ဘာလဲ ... လူလား ... ဒီလူတွေ မိန်းကလေးတစ်ယောက်နောက် လိုက်နေကြတာလား ...

သူတွေးနေရင်း ခြေလှမ်း တုံ့သွားပြန်သည် ။ ထိုစဉ် သူ့မျက်လုံးထောင့်မှာ မည်းခနဲ ပြိုကျလာသည့် တစ်စုံတစ်ရာသည် ...၊

"အ ..."

"ဟာ ..."

ထစ်ခနဲဆို လက်က မြန်တာအကျင့်။ မည်းခနဲ မြင်လိုက်တာနှင့် လူက နောက်ဆုတ် ရှောင်လိုက်ပြီးဖြစ်ကာ မျက်နှာရှေ့ ရောက်လာတော့ လက်တစ်ဖက်နဲ့ ဆွဲဖက်ထားလိုက်၏။ သူ့ရင်ခွင်ထဲမှာ မိန်းကလေးတစ်ယောက်။ သူမလည်း အလန့်တကြား မော့ကြည့်နေသည် ။ သူလည်း တအံ့တသြ ငုံ့ကြည့်နေမိ၏။ အခြေအနေသည် ကြောက်လန့် ဖက်တွယ်ထားသူနှင့် ပိုင်ပိုင်နိုင်နိုင် ဖက်ထားသည့် သူ ...၊

"ဟင့်အင်း ..."

သူမခေါင်းခါသည် ။ 'ဟင့်အင်း' သံမဟုတ်ပေမဲ့ သူမနှုတ်ဖျားက ထွက်လာသည့် ဗလုံးဗထွေးသံနှင့် ခေါင်းခါခြင်းကြောင့် ဟင့်အင်းပြောသလိုပဲ ယူဆလိုက်မိကာ ...၊

"မရှန်းနဲ့ ..."

သူမ ယီးလေးခိုသလို ရုန်းဖယ်နေသဖြင့် သူလွှတ်လိုက်ရင် ပုံကျသွားမှာ ဖြစ်သည် ။ ထို့ကြောင့် ခေါင်းခါပြောမိရင်း လွှတ်ပေးလိုက်သည် ။ သူမကို သူသိသည် ။ စွဲငြိကျန်ရစ်သည့် မျက်ဝန်းလေးတွေကို မြင်လိုက်တာနဲ့ သူမပဲ ဆိုတာသိလိုက်သည် ။ ထိုအချိန်လေးအတွင်းမှာ သူမက လှည့်ပြေးသဖြင့် သူ ဖတ်ခနဲ လှမ်းဆွဲထားလိုက်ကာ ...၊

"နေဦး ..."

သူမက ရုန်းနေသည် ။ ခေါင်းခါပြီး ဘာတွေပြောနေမှန်းမသိ။ ဒီ

ဘက်မှာ တိုင်းရင်းသားတွေ များ တာကြောင့် သူမ ဘာပြောနေသည် သူ ဘာကြောင့် နားမလည်သည် ကို ရုတ်တရက် မတွေးမိခဲ့ ...

"ဟိုမှာ သုမနော ..."

"ဖမ်းထား ... အဲ့ကောင်မလေးကို ..."

"တွေ့ပြီ ... ဒီမှာ ဟေ့၊ ဒီဘက်ကိုလာကြ ..."

တွေ့ပြီဖြစ်ကြောင်း ပါးစပ်ကို လက်ခုပ်တွေနဲ့ ကာပြီး ဘယ်သူတွေ ကြားအောင် အော်နေကြသည် မသိ။ လူနောက်လိုက်တာလား တောခြောက်တာလား ဆိုတာတောင် မသဲကွဲတဲ့ အဖြစ် ...၊

"ဟိုကောင် ... အဲဒီကောင်မလေးကို လွှတ်လိုက် ဒီကို ..."

သူ့ကိုလည်း ပြောသည် ။ နောက်ကလူတွေကိုလည်း လှည့်ကြည့်ပြီး အမိန့်တွေပေးနေကာ ...

"သွားဆွဲခေါ်စမ်း ..."

"ခဏနေဦး ..."

သုမနောဆိုသည့် မိန်းကလေးကို တစ်ဖက်က သိမ်းဖက်ထားပြီး တစ်ဖက်နဲ့ အနားကပ်လာသူ ရင်ဘတ်ကို တွန်းပစ်လိုက်သည် ။ ပြီး တော့ အမိန့်တွေပေးနေသည့် ပေသီးဘက်ကို လှည့်၍ ...၊

"ခင်ဗျားနဲ့ သူနဲ့ ဘာတော်တာလဲ ..."

"ငါ့မိန်းမ ..."

"ဟင့်အင်း ..."

ခေါင်းတွင် တွင် ခါ၍ ဟင့်အင်း မည်သော ငြင်းဆိုသံနှင့် အတူ သုမ က အတင်းအကျပ် ရုန်းနေ၏။ မင်းမြတ်စည် မျက်မှောင် ကုတ်သွားကာ

ပေသီးကို ပြန်ကြည့်လျှင် ...၊

"အခုတော့ မဟုတ်သေးဘူး ... ဒါပေမဲ့ ငါသူ့မိဘတွေဆီမှာ တောင်းထားပြီးပြီ၊ သူသဘာတူတူ မတူတူ ငါ့မယားဖြစ်မှာ ပဲ ... ဟိတ်ကောင်တွေ ဆွဲခေါ်ဆို ဘာလုပ်နေတုံး ..."

"ခေါ်ချင်တိုင်း ခေါ်လို့ မရဘူး ..."

သူ့တားဆီးသံကြောင့် ရှေ့တိုးလိုက်သည့် လူသုံးယောက် ခြေလှမ်းတုံ့သွားသည် ။ ရုန်းနေသည့် သူမရဲ့ လှုပ်ရှားမှုတွေလည်း ရပ်တန့်သွားခဲ့၏။ ထိုစဉ် နောက်ကနေ တဖားဖား ပြေးလာကြသည့် လူတွေပါ သူတို့နားကို စုဝေးလာခဲ့ကြပြီး ...၊

"သမီးလေးရယ် ... ငါတို့ ကို ဒုက္ခရောက်အောင် မလုပ်ပါနဲ့ ၊ ပြန်လိုက်ခဲ့နော် ... သမီးနော် ..."

"နင်မမိုက်စမ်းပါနဲ့ သုမနောရယ် ... နင့်အမေ နင့်ကို ဘယ်လောက်ချစ်တာလည်း သိသားနဲ့ ၊ အခုက မဖြစ်သာတဲ့ အခြေအနေမို့လို့ ငါတို့ နင့်ကို တိုက်တွန်းနေတာပါ ..."

"ချော့မော့မနေနဲ့ လေ ... ဒါတွေလုပ်ဖို့ အချိန်တွေလည်း တော်တော်ကြာသွားပြီ၊ ခင်ဗျားတို့ က ကြွေးချေးချင်တုန်းက တစ်မျိုး၊ ကျုပ်က ချေမယ်ပြောကာမှ သမီးလည်း မနိုင် ငတ်ကလည်း ငတ်နေပြီ ... ဘာလုပ်ကြမှာ တုံး ... ကဲ ..."

"ကိုပေသီး နင်ကလည်း နင်လိုချင်တာပဲ သိတယ်နော် ... မိန်းကလေး တစ်ယောက်ကို ဟင်းရွက်ကန်စွန်းလို ကောက်ယူသွားလို့ မရဘူးဆိုတာ နင် သိပါတယ် ..."

"သိတယ်လေ ... သိလို့ ကျုပ်ပိုက်ဆံတွေ အများကြီးနဲ့ လဲယူလိုက်

တာပေါ့ ..."

"ဘယ်လောက်နဲ့ လဲတာနဲ့ ..."

ဩရှသည့် စကားသံက တိကျပြတ်သားနေသည် ။ သုမနောရဲ့ မိဘတွေရော ပေသီးရဲ့ နောက်လိုက်တွေပါ မင်းမြတ်စည်ထံ မျက်လုံးတွေ ရောက်ကုန်ကြ၏။ ထိုယောက်ျားသည် ဘယ်သူဆိုတာ မသိပေမဲ့ သုမနောရဲ့ မိခင်ဒေါ်သဲဖော့က သူမ ဒီနားရောက်လာတည်းက သတိထားမိနေသည် ။ ထွားကျိုင်း ပျိုမျစ်သည့် ကြန်အင်လက္ခဏာနှင့် တင့်တယ်သည့် ရုပ်သွင်သည် ပါးသိုင်းမွေးတို့ ဖြင့် ကြမ်းတမ်းသယောင် ရှိသော်ငြား ထိုယောက်ျား၏ မီးတောက်လို စူးရှသည့် မျက်လုံးတွေကို အထင်တကြီး ဖြစ်သွားခဲ့၏။ ထို့ပြင် သမီးကို အရုပ်လေး တစ်ရုပ်လို ထိန်းဖက်ထားသော ထိုမြင်ကွင်းသည် ဒေါ်သဲဖော့ မျက်လုံးထဲမှာ နှစ်ခြိုက်စွာ စွဲထင်သွားခဲ့ပြီး ...၊

"ဘာလဲ ... နင်က ဘယ်ကလဲ၊ ငါ့ပိုက်ဆံကို သေးသေးနုပ်နုပ်များ ထင်နေလို့ လား ... အတိုးအရင်းပေါင်းရင် နင့်မှာ ပိုင်သမျှ ရောင်းချထိုးပေးရင်တောင် ..."

"အပိုတွေလျှောက်ပြောမနေနဲ့ ... မေးတာကိုပဲဖြေ ..."

"ဆယ့်ကိုးသိန်း ..."

သူ့မျက်နှာ တင်းသွားသည် ။ လူတစ်ယောက်ရဲ့ တန်ဖိုးကို ငွေကြေးနဲ့ ဖြတ်ပြီး တိရစ္ဆာန်တစ်ကောင်လို လိုက်လံ ဖမ်းဆီးနေကြသည့် မြင်ကွင်းသည် သူ့မျက်စိ မှားခဲ့တာမဟုတ်။ ဒါမှ မဟုတ် ကိုယ်သားသမီးကို ရောင်းကုန်တစ်ခုလို ဆယ့်ကိုးသိန်းနဲ့ တန်ဖိုးဖြတ်ပြီး ငွေရှင်လက်ထဲ ထိုးထည့်နေသည့် မိဘတွေကို အပြစ်ဖို့ ရမလား ... ။ ကြည့်လိုက်တော့ တောရွာ အခြေအနေသည် ဝါးထရံကာနိုင်သည့် အိမ်တောင် ခပ်ရှားရှား

...။

"အဒေါ်တို့ က ဆယ့်ကိုးသိန်းတောင် ချေးပြီး ဘာအတွက်သုံးတာလဲ ..."

မေးသင့်သင့်မသင့်သင့် ဒီမေးခွန်းကို မေးမှ ဖြစ်မည်။ အမျိုးသမီးကြီး ဝမ်းနည်း ယူကျုံးမရသော မျက်နှာကြီး ချက်ချင်းဖြစ်သွားလျက် မျက်ရည်တွေလည်း ပြည့်ဝိုင်းနေကာ ...။

"ကြွေးက ဆယ်နှစ်နီးပါး ရှိပါပြီ ... ယူတုန်းက သူ့အဖေ ပိုးထိလို့ မြို့တက်ဆေးကုဖို့ ပိုက်ဆံလိုလို့ ပါ၊ အဲဒါလည်း ပိုက်ဆံနှစ်သိန်းပဲ ယူတာပါ လူလေးရယ် ... ပြောရရင် နှစ်သိန်းတောင် မပြည့်ပါဘူး ..."

"အဘွားကြီး ... ခင်ဗျားဘာတွေ ပလီပလာ ပြောနေတာလဲ၊ အဲဒီအရင်ကယူတဲ့ ကြွေးကပဲ ..."

"နေပါဦး ... ခင်ဗျားက အတိုးပေါ် အတိုးဆင့်ပြီး လူသိမ်းတယ်ပေ့ါ ..."

"ကြွေးဆိုတာဒီလိုပဲ ..."

"အဲဒီအတွက် စာချုပ်စာတမ်းရှိလား ..."

"ရှိတာပေ့ါ ..."

"စာချုပ်မှာ လူသိမ်းမယ်လို့ ပါသလား ..."

"ဒါကတော့ ..."

"ပါလို့ မရဘူး ... ထည့်ချုပ်လို့ လည်း မရဘူး၊ လူမပြောနဲ့ သူများ ပိုင်တဲ့ ခြံဝင်းထဲက အပ်တို တစ်ချောင်းက အစ သူမပေးဘဲ ကြွေးနဲ့ သိမ်းယူလို့ မရဘူး ... စာချုပ်ကို ခင်ဗျား ဘယ်လောက် နားလည်သလဲ ... ဘာ

အားကိုးနဲ့ လူကို တိရစ္ဆာန် တစ်ကောင်လို လိုက်ဖမ်းနေတာလဲ ..."

"ဟိတ် ... မင်းဘယ်သူလဲ၊ ဒီကောင်မက 'အ' နေတာနော် ... အဲဒါ ရောသိလား ..."

"ကျုပ် ဘယ်သူဖြစ်ဖြစ် အခုခင်ဗျားကို တစ်ပြားမှ မပေးဘဲ ဒီကိစ္စပြီး အောင်လုပ်လို့ ရတယ် ... ဒါပေမဲ့ ..."

"ဘာ ... ဘာပြောလိုက်တယ် ..."

သူအတင်းအကျပ် ဖိချုပ်ထားသည့် သူမကို သူငုံ့ကြည့်မိသည် ။ ချွေး စလေးတွေနှင့် နှုတ်ခမ်းဖျားလေးတွေ မျက်ရည်တို့ စိုလူးနေသော မျက် တောင်ဖျားတို့ သည် သူ့ရဲ့ ဆုံးဖြတ်ချက်ကို ခိုင်မာစေကာ ...၊

"ခင်ဗျား သတ်မှတ်တဲ့ အတိုင်း အဲဒီ ပိုက်ဆံကျုပ်ပေးမယ် ..."

"ဘာ ..."

ပေသီး တဘာဘာဖြစ်နေကာ မျက်လုံးတွေက သုမနော့ထံ ဒိုင်းခနဲ ရောက်၏။ ကျုပ်ပေးမယ်ဆိုတာ ဘာပြောတာလဲ ... အကြွေးချပေးပြီး လူကို ယူသွားမှာ လား ... ။ ပြန်ကြည့်တော့ ပြောနေတဲ့ သူက အသက် သာငယ်သည် ။ သူမော့ကြည့်ရအောင် အရပ်ကြီးက မိုးနေသည် ။ ပြီး တော့ လွယ်အိတ်မပါ။ အဖော်မပါပေမဲ့ ပုံစံအရ လူချမ်းသာနဲ့ လည်း တူ နေ၏။ ခဏအတွင်းမှာ မျက်လုံးတွေ သုမနော့ဆီ ပြန်ရောက်ကာ ပေ သီး အကြီးအကျယ် ဒေါသထွက် တော့သည် ။

"ဘာလဲ ... နင်က ငါ့ကြွေးဆပ်ပေးပြီး သူ့ကိုခေါ်သွားမလို့ လား ... "

"အဲဒါခင်ဗျားနဲ့ မဆိုင်ဘူး ..."

"ဆိုင်တာပေါ့ကွ ... ငါပိုင်ပြီးသား ပစ္စည်းတစ်ခုကို ..."

"ခွပ် ..."

"အား ..."

ဖြောင့်လက်သီး တစ်လုံးက ပေသီးနှာရိုးဆီ တန်းခနဲ ပြေးဝင်သွားသည် ။ ပေသီး နှာခေါင်းကိုအုပ်ကာ တအားအော်လေသည် ။ သွေးတွေဖြာကျလာတော့ သူ့လူတွေ ပျာပျာသလဲ ဖြစ်ကုန်ကြ၏။ ထို့ပြင် မင်းမြတ်စည်ကို လှည့်တောင် မကြည့်ဝံ့ကြတော့ဘဲ ပေသီးကို ဝိုင်းမပြီး ပိုဝေးတဲ့ ဆီ ခေါ်သွားကြ၏။ မင်းမြတ်စည်က ပေသီးမျက်နှာကို စေ့စေ့ကြည့်နေရင်း ...

"လူမှန်ရင် လူစကားပြောရတယ် ... ဘယ်အရပ်မှာ ဘာအထာပဲရှိနေနေ ကျုပ်မျက်စိရှေ့မှာ အမြင်မတော်ဘူး ထင်ရင် အဲဒါကို ခွင့်မပြုဘူး ..."

ပြောပြီး ဒေါ်သဲဖော့တို့ မျက်လုံးအကြောင်သားနှင့် ကြည့်နေတဲ့ဘက်ကို လှည့်၍ ...၊

"အဲ့ပိုက်ဆံကို ကျုပ်ပေးရင် သူ့ကိုခေါ်သွားလို့ ရမလား ..."

"ဟင် ..."

ခေါ်သွားပါလည်း မပြော ခေါင်းလည်း မခါ။ ပေသီးကို သိနေပေမဲ့ ဒီလူသားကို သူတို့ မသိ။ ပေသီးထက် ပိုဆိုးမလား ... ကောင်းတဲ့ လူလားဆိုတာလည်း မပြောနိုင်။ သို့သော် ပေသီး လက်ထဲလည်း သမီးကို မထည့်ချင်တာအမှန်။ လင်မယား နှစ်ယောက်စလုံး ဘာပြန်ပြောရမှန်း မသိဘဲ ဖြစ်ချင်တာတွေနဲ့ ဖြစ်မှာ စိုးမှာ တွေကြားမှာ ပါးစပ်တွေသာ ပြင်နေပြီး အသံမထွက် ...

"ရမလား ... ဟွန်း ဒါမျိုးတော့ မစမ်းနဲ့ လေ၊ ဘယ်သူမှ ကိုယ့်ပါးစပ်

နား ရောက်ပြီးသား အစားကို ပုတ်ချခံမှာ မဟုတ်ဘူး ... ဒီမှာ နားထောင်ဟော့ကောင် အဲဒီလူတွေကရော သုမနောရဲ့ မိဘအရင်းတွေ ထင်နေလို့လား၊ အဲဒီအ'အ' မကို ကောက်မွေးစားထားတာ ... ."

"ပေသီး ... မင်းစကားပြောတာ မိုက်ရိုင်းလှချေလားကွ ..."

"ဟား ဟား ဟား ... ဟုတ်တာတွေ ပြောနေတာလေ၊ ခင်ဗျားတို့ က ခုမှ ဘွားခနဲ ပေါ်လာတဲ့ ကောင်ကို မြင်ပြီး တွေတွေဝေဝေတွေ ဖြစ်လို့ ... ဘာလဲ၊ ပိုက်ဆံ ပိုတောင်းချင်လို့ လား ..."

"ပိုမတောင်းဘူးကွ ... ခုမှ ဘွားခနဲ ပေါ်လာတာက ငါတို့ သမီးအတွက် ကယ်တင်ရှင်ပဲ၊ မင်းလိုကောင်နဲ့ လုံးလုံးမပေးစားဘူး ... မင်းနဲ့ သာကင်း ရမယ်ဆိုရင် ဘာတွေဖြစ်ဖြစ် ပြီးရောပဲ ..."

သူမကို ဖြေလွှတ်ပေးလိုက်ပြီး လက်လေးတစ်ဖက်ကို ဆုပ်ကိုင်ထားမိသည် ။ ပြီးတော့ စကားမပြောနိုင်သည့် ဒုက္ခသည် လေးအဖြစ် သူမရဲ့ မျက်ဝန်းလေးတွေကိုပဲ စူးစိုက်ကြည့်မိသည် ။ သူမဘာဖြစ်ချင်နေသလဲ ... ကိုယ့် နောက်ကို လိုက်ချင်ရဲ့ လား သူမဆန္ဒကို သိချင်ခဲ့သည် ။ သို့သော် ...၊

"ခုကစပြီး မင်းဆန္ဒနဲ့ မင်း နေလို့ မရတော့ဘူး"လို့ ခပ်တိုးတိုးပြောလိုက်ပြီး ...

* * * * *

# အခန်း(၄)

"နားထောင် ... ငါ့မှာ လည်း မိဘမရှိဘူး၊ ဒါပေမဲ့ ဂရုစိုက်ရမယ့် လူတချို့ရှိတယ် ... နောက်တော့ ဒီကို ဝင်ထွက် သွားလာကြလိမ့်မယ်၊ ဒါပေမဲ့ သူတို့ ကို မင်းကြောက်လန့်နေဖို့ မလိုဘူး ..."

ပြောနေရင်း သူမမျက်ဝန်းလေးတွေကို စိုက်ကြည့်သည် ။ သူမက ခေါင်းလေးညိတ်ပြီး မျက်လွှာချပစ်၏။ မဟူရာကတ္တီပါလို ကော့နက်ထူပိတ်သည့် မျက်တောင်တို့ လှုပ်ခတ်သွားတိုင်း သူခဏတော့ ငေးကြည့်နေမိကာ ဘယ်လိုကြည့်ကြည့် လှနေသော သူမလေးကို ပိုင်ဆိုင်ခွင့် ရသည့် အတွက် တစိမ့်စိမ့် ကြည်နူးခြင်းတွေလည်း ဖြစ်နေခဲ့သည် ။ တွေးကြည့်ရင်မယုံနိုင်။ ဒါပေမဲ့ ဒီတိုင်းဖြစ်ခဲ့သည် ။ မြင်မြင်ချင်း မျက်တောင်ကော့တို့ ဝန်းရံထားသည့် မျက်ဝန်းတို့ ကို သူရူးသွပ်ခဲ့သည် ။ ဖျတ်ခနဲပျောက်ကွယ်သွားခဲ့တာတောင် ရင်ထဲမှာ မပျောက်။ ခြေလှမ်းတိုင်းမှာ သူမ မျက်ဝန်းတွေပဲ ဖြစ်နေခဲ့သည် ။ မကြာခင် သူမကိုပြန်တွေ့ခဲ့သည် ။ တွေ့ပြီးတော့ ပိုင်ဆိုင်နိုင်ခဲ့၏။ သူများ တွေသိရင် အလွယ်လေး ရလာခဲ့သည် ထင်ကြမှာ ပေမဲ့ သူမလေးရဲ့ တန်ဖိုးက သူ့ရင်ထဲမှာ ...၊

"အခု မင်းရင်ထဲကို ငါမသိချင်ဘူး ... ဒါပေမဲ့ မင်းအကြောင်းတော့ သိချင်တယ်၊ မင်းစာတတ်တယ် မို့လား ..."

သူမက ခေါင်းညိတ်သည် ။ သူက အသင့်ယူထားပြီး ဖြစ်သည့် ဒိုင်

ယာရီ စာအုပ်လေးနဲ့ ဘောလ်ပင်န်ကို သူမ ရှေ့မှာ ချပေးလိုက်ကာ ...၊

"ဒီထဲမှာ မင်းဘဝအကြောင်း မင်းခံစားချက်တွေ အကုန်ချရေး ... ဒါပေမဲ့ ငါ့အကြောင်း လုံးဝမပါစေနဲ့ ၊ မင်းငါ့အပေါ် ချစ်တာမုန်းတာတွေ မလိုဘူး ... သိလည်း မသိချင်ဘူး၊ ငါနဲ့ ပတ်သက်ပြီး သိထားရမှာ က ငါပြောသမျှ မင်းလိုက်နာရမယ် ... ငါ့အမိန့် ငါ့စကားကလွဲပြီး ဘယ်သူ့စကားမှ မင်းနားထောင်ဖို့ မလိုဘူး၊ ဘယ်သူဘာပြောပြော ငါပြောတာမဟုတ်ရင် မင်းယုံဖို့ မလိုဘူး ..."

သူမ မျက်ဝန်းလေးတွေထဲမှာ တစ်မျိုးတစ်မည် ဖြစ်သွားတော့ သူ ခေါင်းညိတ်လိုက်ပြီး ...၊

"ငါက ယုံချင်စရာလူ ဟုတ်ချင်မှ ဟုတ်မယ် ... မယုံသင့်တဲ့ လူလို့ မင်းခေါင်းထဲမှာ ရှိနေရင်တောင် ငါယုံခိုင်းရင် ယုံရမယ် ..."

သူမ မျက်လွှာချလေသည် ။ အဖြေကို သူနားလည်သွားသည် ။ စီးကရက် တစ်လိပ် ထုတ်လိုက်ရင်း သူ့မျက်နှာမှာ အေးစက်သည့် အပြုံးတစ်ခု ဖြစ်သွားခဲ့၏။ ပြီးတော့ စီးကရက်မီး ညှိလိုက်ရင်း သူမနဲ့ မလှမ်းမကမ်းမှာ ထိုင်လိုက်ကာ ...၊

"မင်းအတွက်ပြောနေတာ ... ဒါက မင်းတို့ ရွာ မဟုတ်ဘူး ၊ ဒီ ပတ်ဝန်းကျင်မှာ မင်းအတွက် ငါပဲရှိတာ ... ငါအဲဒီလို ခံယူထားတဲ့ အတွက် မင်းလည်း ဒီ တိုင်းပဲရှိရမယ်၊ နောက်တစ်ခု မင်းက ငါလက်ထပ်မယ့် မိန်းကလေးဖြစ်တဲ့ အတွက် ဒီနေရာက မင်းပိုင်တဲ့ နေရာပဲ ... ကြောက်ရွံ့ နောက်တွန့်နေတာတွေ ငါ လုံးဝမကြိုက်ဘူး၊ ဒီမှာ ရှိသမျှ အလုပ်သမားတွေကို မင်းစီမံရမယ် ... ခိုင်းရမယ်၊ ကိုယ့်ကိုယ်ကိုယ်အားငယ် ဝမ်းနည်းနေတဲ့ ပုံနဲ့ မနေရဘူး ... ပြောတာ ကြားလား ..."

သူစကားပြောနေတိုင်း မျက်တောင်မခတ် ငေးနေတတ်ကာ မေးခွန်း

ထုတ်ပြီဆို မျက်လွှာချ၏။ မျက်နှာနည်းနည်း ငုံ့လိုက်တာနှင့် နှာတံချွန်ချွန်လေးနဲ့ အပေါ်နှုတ်ခမ်း ထောင့်ချိုးလေးတွေက ကဗျာဆန်သည် ။ နှုမွတ်နေသည့် ပါးမို့လေးတွေက ထိကိုင်ကြည့်ချင်အောင် ဆွဲဆောင်၏။ မင်းမြတ်စည် အမိန့်တွေပေးနေရင်း မကြာခဏ အသက်ရှူ မှားနေခဲ့သည် ။ မိန်းကလေး တစ်ယောက်ကို မထိဘူး မငြိဘူးတာလည်း မဟုတ်။ ငေးရလောက်အောင် လှတဲ့ မိန်းမတွေလည်း မြင်ဖူးခဲ့သည် ။ သူမသည်သာ သူ့ရင်ထဲကို ထိုးဖောက် စွဲငြိလာခဲ့သော ရွှေရေးပန်းချီ တစ်ချပ် ...၊

အတွေးကို ဖြတ်တောက်ပြီး မျက်နှာလွှဲမိသည် ။ ထိုစဉ် သူမျက်နှာလှည့်လိုက်သည့် ဘက်သည် အိမ်ရှေ့ကိုဖြစ်နေကာ ပေါ်တီကိုအောက်မှာ ဆင်စွယ်ရောင် Alphard တစ်စီး ထိုးရပ်သွားတာနဲ့ တန်းတန်းမတ်မတ်။ စီးကရက်ကို မီးညှိလိုက်ရင်း မျက်နှာငဲ့မိသည့် အတိုင်း မျက်တောင်ဖျားတို့ မေးစင်းကြည့်နေခဲ့လျက် ...၊

"သူတို့ က ငါ့အိမ်ကို ဝင်ထွက်ခွင့် ရှိနေကြတဲ့ လူတွေ ... ဒါပေမဲ့ သွေးသား မဟုတ်ဘူး ၊ ဆွေမျိုးမတော်ဘူး ..."

ပြောပြီးလှည့်လိုက်တော့ သူ့နှုတ်ခမ်းဖျားက စီးကရက်မီးခိုးတို့သည် သုမနောထံ တဝေ့ဝေ့ မျောလွင့်သွားကြ၏။ သူမက တချို့မိန်းကလေးတွေလို မျက်နှာ မဲ့သွားတာ နောက်တွန့်သွားတာမျိုး မဖြစ်ပေ။ ထို့ပြင် ကြိုးမျှင်လေးတွေလို တလွန့်လွန့် ဝေ့ပျံလာသည့် မီးခိုးတွေကို မျက်တောင်ဖျားလေးတွေ ကော့ပျံနေအောင် မျက်လုံး အဝိုင်းသားနှင့် ငေး၏။ ဖြူလွှသည့် မီးခိုးဖြူတို့ နှင့် နောက်ကွယ်က လက်တောက်နေသော မျက်ဝန်းလေးတွေကို မင်းမြတ်စည်ကလည်း ငေးနေခဲ့သည် ။ ထိုစဉ် ...
၊

"ဟဲ့ ... နင်တို့ သူဌေး မြင်တယ်လေ၊ ငါတို့ လာတာ မကြိုက်ရင် သူ

ပြောပါစေပေါ့ ... ရှေ့ကဖယ်ပေး ..."

စကားသံက စူးရှနေသည်။ သူတို့ သည် MMS ရေမွေးကုမ္ပဏီပိုင်ရှင် ဦးမျိုးဝေနှင့် ဇနီးသည် ဒေါ်ထားအိတို့ ဖြစ်ကာ မင်းမြတ်စည်ရဲ့ တပည့်တွေက တားဆီးထားသဖြင့် ဒေါသတွေနဲ့ ခြေလှမ်းတို့ လွန်းထိုးနေရင်း . .. ၊

"သူဌေး ... ကျွန်တော်တို့ ကို ဝင်ခွင့် မပေးတော့ဘူးလား ..."

"ဝင်ခွင့်ပေးသလား မပေးဘူးလားကို ဒီထိရောက်လာမှ မေးရသလား ..."

"ကျွန်တော်တို့ ဖုန်းဆက်မလို့ ပါ ... ဒါပေမဲ့ ..."

"အလယ်ခန်းမှာ သွားစောင့်နေပါ ..."

ဦးမျိုးဝေ မျက်နှာပျက်သွားသည်။ ဒေါ်ထားအိက တစ်ခုခုပြောသင့်ကြောင်း ခင်ပွန်းဖြစ်သူကို ကြည့်ပေမဲ့ ဦးမျိုးဝေက ခေါင်းခါပြသည်။ မင်းမြတ်စည် နှုတ်က ထွက်လိုက်ပြီဆို အဓိပ္ပာယ်မဲ့တော့ မဟုတ်ဘူး ဆိုတာ နားလည်နေပြီဖြစ်ကာ အလယ်ခန်းဆိုသော အပြင်လူ လက်ခံသည့် ဧည့်ခန်းလေးမှာ ထိုင်မိကာမှ ...၊

"မင်းက မင်းမြတ်စည်ကို အတိုက်အခံပြောဖို့ ကြံစည်နေတာလား ထား ..."

ကွယ်ရာကျမှ နာမည်ခေါ်ရဲတာမို့ ဇနီးသည် နားကပ်၍ ...၊

"ရွှေတစ်ပဲသား လည်ပင်းပေါ် ရောက်သွားတဲ့ ပုတ်သင်ညိုလိုမလုပ်နဲ့ ... ပုတ်သင်ညို မာန်တက်လို့ ရွှေတစ်ပဲသား မရတော့လည်း ကိစ္စမရှိဘူး ... လူတွေ မာန်တက်ရင် အကျနာတတ်တယ်၊ ငါတို့ မာန်တက်ရင်တော့ အရင်လို ကွမ်းယာသည် ဘဝကို ဘုန်းခနဲ ပြန်ကျသွားမှာ ..."

"ကျစရာမလိုပါဘူး ..."

ဒေါ်ထားအိက လက်ကိုင်အိတ် ချိတ်ထားသည့် လက်ကိုထုတ်၍ လျှော့ကျနေသည့် စိန်လက်ကောက်ကို လက်ထောင်ပြီး ပြန်သိပ်သည် ။ ပြီးတော့ လက်ကိုင်အိတ်ကို ပေါင်ပေါ်တင်လိုက်ပြီးမှ ...၊

"ခရုမှာ လည်း အဆံနဲ့ လူမှာ လည်း ဉာဏ်နဲ့ " တဲ့ ... ရှင် အကြံတုံး ဉာဏ်တုံး မပြောစမ်းပါနဲ့ ၊ လူဆိုတာ မြင့်သထက်မြင့်အောင် နေ့ရှိသရွေ့ ကြိုးစားနေရမှာ ပဲ ... မနေ့က ကွမ်းယာသည် ဒီနေ့ MMS ကုမ္ပဏီပိုင်ရှင် ..."

"MMS ဆိုတာကရော ဘယ်သူမို့လဲ ..."

"ကိုမျိုး ..."

ဒေါ်ထားအိ ဒေါသဖြစ်လွန်းသည့် အသံနှင့် အံကြိတ်ခေါ်သည် ။ လက်ကလည်း မိရာကို ဆွဲလိမ်ဖို့ ဟိုရွယ်ဒီရွယ်ဖြစ်လာကာ ...၊

"ရှင်အဲဒီလို ကြောက်တတ်နေရင် ဘယ်တော့မှ ချမ်းသာမှာ မဟုတ်ဘူး ... ဘယ်တော့မှ လည်း ကွမ်းယာသည် ဘဝကို မေ့မှာ မဟုတ်ဘူး ... "

ဦးမျိုးဝေက လက်မောင်းကို အလိမ်ခံလိုက်ရသဖြင့် မျက်နှာကြီးမဲ့သွားပြီး ဒေါ်ထားအိ လက်ကိုပါ ပုတ်ချပစ်ကာ ...၊

"စကားကြီးစကားကျယ်တွေ ပြောမနေနဲ့ ထား ... စိတ်ကူးထဲမှာ လူတိုင်း တိုက်ဆောက်လို့ ရတယ်၊ မင်းမြတ်စည်ကို ဘာထင်နေလို့ သူတင်ထားတဲ့ စင်ပေါ်ကနေ ပြန်ဟောင်ဖို့ စိတ်ကူးနေတာလဲ ... သူများကို ဖျံကျဖို့ စိတ်ကူးရင် ငါတို့ ကို သွေးမတော် သားမစပ်ဘဲနဲ့ ကုမ္ပဏီတစ်ခုလုံး ဦးစီးခိုင်းထားတာ ဘယ်လိုသတ္တိနဲ့ လဲ ပြန်တွေးကြည့်လိုက် ..."

"ပြန်တွေးစေချင်ပေမဲ့ အချိန်မရတော့ဘူး ..."

"ဟင် ..."

ဦးမျိုးဝေ ဟင်ခနဲဖြစ်ကာ ကိုယ်ကြီးပါ ကြွသွားခဲ့သည် ။ ဒေါ်ထားအိ မျက်လုံးတွေ အရပ်ဆယ်မျက်နှာ စုံအောင် ပြေးလွှား ထောင့်ကပ်ရင်း မျက်နှာတစ်ခုကို ဝှက်စရာမရှိ။ မင်းမြတ်စည်က စီးကရက် လက်ကြား ညှပ်ရင်း ဆိုဖာဆီလျှောက်လာသည် ။ ပြီးတော့ ဒေါ်ထားအိ ရှေ့တည့်တည့်မှာ ထိုင်လိုက်ပြီး ...၊

"ခင်ဗျား ဘယ်လောက်ထိ ချမ်းသာချင်သလဲ ..."

"ဟင် ... အို မဟုတ်ပါဘူး၊ ဒီလူကိုက အနေအေးလွန်းတာ ... သူ့ကိုပဲ ပြောနေရတာ၊ အဟွန်း ... မင်းရဲ့ ကုမ္ပဏီ ဆိုပေမဲ့ ဦးမျိုးဝေ အမည်ခံမို့ လား၊ တိုးတက်တာ ဆုတ်ယုတ်တာက ဦးမျိုးဝေ ပုံရိပ်နဲ့ ပဲ ထင်မှာ လေ ... အဲဒါကြောင့် သူ့ကို ဒီ့ထက် ပိုကြိုးစားစေချင်တာ၊ ဟွန်း ဟွန်း ဟွန်း ...."

မင်းမြတ်စည်က အပြုံးမပါဘဲ မဲ့သည် ။ ထိုနှုတ်ခမ်းတွေကြောင့် ဦးမျိုးဝေ ရင်မော နေမိလေသည် ။ မင်းမြတ်စည်က မြေပေါ်မြေအောက် ချမ်းသာသည့် သူဌေးဖြစ်ကာ အလင်းထဲက ငွေဖြစ်ဖြစ် အမှောင်ထဲက ရတနာဖြစ်ဖြစ် သူမပေးဘဲ တစ်ပြားတစ်ချပ်မှ ယူလို့ မရ။ သူလိုချင်လျှင်လည်း ရအောင်ယူ နိုင်သည် ။ ကျောက်တွင်းလုပ်ငန်း ဆိုတာလည်း သူနိုင်နင်းတော့ အားလုံး သူ့လက်ထိုးအပ်ကြသည် ။ သူဌေးအများ စု၏ ခေါင်းကြီးပိုင်းမှာ မင်းမြတ်စည်က နံပါတ်တစ် သူပဲ နံပါတ်နှစ်။ သူ့လက်နှစ်ဖက်တည်းသည် တခြား လက်များ စွာထဲက အရာရာကို ဇယ်တောက် ကစားပစ်နိုင်၏။ ထိုသူသည် မတရားမှုကိုမပြု။ သို့သော် စာနာခြင်း အလျှင်းကင်း၏။ မေတ္တာငွေ့ကင်းသော မျက်ဝန်းတို့ သည် ဒေါ်သ

ခိုးတို့ ဖြင့် အမြဲတမ်း တလွန့်လွန့် လောင်မြိုက်လျက် ...

"အဟမ်း ... ဒီ ဒီလိုပါသူဌေး ..."

ဦးမျိုးဝေက ခုချိန်ထိ သူဌေးပဲခေါ်ကာ ...၊

"ကျွန်တော်တို့ က သူဌေးပြစ်တင်ခံရမှာ စိုးတာပါ ... ဟိုလေ ဆိုးတာ ကောင်းတာ အကုန်လုံးကို သူဌေးဘာသာ သိတာထက် ကျွန်တော်တို့ က အမြဲတမ်း ရီပို့တ်တင်နေမှ ရေရှည်ဆက်သွားဖို့ ..."

ဖုန်းမြည်သံကြောင့် ဦးမျိုးဝေ ဆက်မပြောနိုင်ဘဲ ဖြစ်သွားသည် ။ မင်းမြတ်စည်က ဖုန်းထုတ်ကိုင်လိုက်ပြီး.၊

"ပြော ..."

" ... ... ... ... ... ... ... ."

"ခုသေသွားပြီလား ... မင်းကြောင့် လား ..."

" ... ... ... ... ... ... ... ... ... ... ... ..."

"လွတ်သွားတာ ဘယ်သူလဲ ..."

" ... ... ... ... ... ... ... ... ."

"သေလောက်တဲ့ ဒဏ်ရာနဲ့ လား ..."

လင်မယား နှစ်ယောက်စလုံး မျက်လုံးချင်းဆုံ၏။ မင်းမြတ်စည်မျက်နှာကို တည့်တည့် မကြည့်ရဲအောင် လန့်ဖျပ်ကုန်ကြကာ ဆိုဖာကနေ ထထွက်သွားတော့မှ ဦးမျိုးဝေ တံတွေးမျိုချရင်း စားပွဲပေါ်က ရေဖန်ချိုင့်ကို ကမန်းကတန်း လှမ်းကိုင်သည် ။ ပြီးတော့ ရေတစ်ခွက် ငှဲ့အပြီး သောက်မလို့ ယူလိုက် ကာမှ ...၊

"သတ်ပစ်လိုက် ..."

"ခွမ်း ..."

လက်တစ်ချက် တုန်သွားကာ ဖန်ခွက်က ခွမ်းခနဲကျကွဲ၏။ မင်းမြတ်စည် လှည့်ကြည့်တော့ လက်ပဲကာပြမိကာ တောင်းပန်ဖို့ တောင် အသံမထွက်နိုင်။ ဒီလိုလူကိုများ ဒီမိန်းမ ...၊

"ဒီကုမ္ပဏီကို ကျွန်မတို့ လက်ထဲကနေ သူဆွဲမယူရဲဘူး ကိုမျိုး ... လိပ်ရဲ့ သွားတွေ ဘယ်လောက် ထက်ထက် ပက်လက်လန်သွားရင် သွားပြီ၊ မင်းမြတ်စည် ဘယ်လောက် ချမ်းသာပါစေ ကျွန်မတို့ မရှိလို့ မဖြစ်ပါဘူး ... သူ့အတွက် ဦးမျိုးဝေရယ် အမ်အမ်အက်စ်ရယ် မရှိဘူးဆိုရင် ဘာဖြစ်သွားမလဲ၊ လိပ်ကို ပက်လက်လှန်ထားသလိုပဲလေ ..."တဲ့ ...

ထင်တစ်လုံးနဲ့ တစ်ယောက်တည်း လေတွေကို ပန်းလိုသီနေသည် ။ သူ့မှာ မိုးလင်းတိုင်း ကိုယ့်လည်ပင်းကို ပြန်စမ်းကြည့်နေရတာ လူမသိ။ မျက် နှာသစ်စရာ ခေါင်းရှိသေးရဲ့ လား ...၊

"ပြောစရာမရှိဘူးလား ..."

"ဟင် ..."

မင်းမြတ်စည် သူတို့ ရှေ့ ပြန်ရောက်လာတော့ အတွေးလက်စတွေနှင့် လန့်လန့်ဖျပ်ဖျပ် ...၊

"ဒါဆို ကျုပ်ပြောတာနားထောင် ... အနောက်ဘက်ဂိတ်က ဂိုဒေါင်အ ဖောက်ခံရတာနဲ့ ပတ်သက်ပြီး ..."

"အဲဒါကိုပဲ ပြောချင်တာပါ ... တို့ ဘက်မှာ ကိုင်တွယ်ရတာတွေက ... "

"ကိုင်တွယ်နိုင်ဖို့ အတွက် ခင်ဗျားတို့ နဲ့ ကျုပ် ဆွေးနွေးပြီးသား ... ဒါ

ကို တဖွဲ့တန္တွေ့တွေ လာပြောမနေနဲ့ ..."

ကြားဖြတ်ပြောပြီး စူးစူးရဲရဲကြည့်သည် ။ စကားပြောတိုင်း လူကိုမလုံမလဲ မျက်လွှာပင့်ကြည့်တတ်သော ဒေါ်ထားအိ မျက်လုံးတွေကို သူမကြိုက်။ သို့သော် ရန်သူကို အနီးမှာ ထားရသည် ဆိုသည့် သင်ခန်းစာအရ ဒါကိုပလပ် ထားလိုက်လို့ ရသည် ။ မပြောဘဲနေလို့ မရတော့တာက ဒီလင်မယား ခြေလှမ်းကျဲလာသည့် ကိစ္စ။ သူ့ရှေ့ကို ထိပ်တိုက်ဆွေးနွေးဖို့ ကြိုးစားနေကြတာ သူသိသည် ။ ကုမ္ပဏီမှာ ' လုပ်ပိုင်ခွင့် 'နဲ့ ပတ်သက်ပြီး နေရာချထားရေးတွေ ပြန်လည်စီမံပေးဖို့ တိုက်တွန်းချင်နေသည် ။ သူတို့ အပေါ် နောက်ကွယ်ကနေ ချုပ်ကိုင်နေသည့် ဖြစ်ရပ်အတွက် ဒေါ်ထားအိက အမြဲတမ်း ထွက်ပေါက်ရှာနေခဲ့၏။ ထို့ကြောင့် ချောင်ပိတ် ရိုက်ခံရသည့် သတ္တဝါလို ပြဿနာတစ်ရပ်ကို ဖန်တီးပြီး သူ့အပေါ် ဘယ်လိုနိုင်ကွက် ရှာမလဲဆိုတာ အပိုင်တွက်ထားခဲ့သည် ။ ဒါကြောင့် ကုမ္ပဏီပိုင်ရှင် စတိုင်နှင့် စကားလုံးတွေ သက်သေတွေ စုဆောင်းပြီး အကျအန ရောက်လာခဲ့တာ ဖြစ်သည် ။ သို့သော် ...

"ခင်ဗျားတို့ ကို မသင်္ကာလို့ ခိုင်းနေတာ မဟုတ်ဘူး ... နောက်ထပ် ကျိုးပေါက်မှု မဖြစ်အောင် ဒါကို သင်ခန်းစာပေးရမယ်၊ အားလုံး သတိရှိသွားရမယ် ... လိုချင်တာအဲဒါ ..."

"ဒါပေမဲ့ ..."

"ကျုပ်ပြောတဲ့ စကားကို ကော်မာမခံနဲ့ ဒေါ်ထားအိ ... ပြဿနာဖြစ်လာရင် တာဝန်အရှိဆုံးက တာဝန်ခံပဲ ..."

"တို့ တာဝန်ယူရတာလည်း အမည်ခံပဲဆိုတာ အားလုံးသိနေတယ်ကိုစည် ... တစ်ခုခု ကြေညာလိုက်ရင် သူဌေးပြောတာလား ဆိုတာ အမြဲကြားရတယ် ..."

"ဝန်ထမ်းက အထက်လူကြီး ရှာနေတာဆိုရင် ရှိတဲ့ လူက အထက်လူကြီးနဲ့ မတူလို့ ပဲ ..."

ဒေါ်ထားအိ မျက်နှာပျက်၏။ တစ်ခုခု အထွန့်တက်ဖို့ ပြင်လိုက်တိုင်း ကိုယ်ပါးစပ်ဟလိုက်တာနဲ့ သူ့စကားက အရင် ...၊

"ခင်ဗျားတို့ ကို ကျုပ်အလုပ်ကိုပဲ လွှဲထားတာ မဟုတ်ဘူး ... ဦးလေး သားချင်းလို နေရာပေးထားတာ၊ ကျုပ်လုပ်နေတဲ့ အလုပ်ကိုလည်း ရှင်း နေရသေးတယ် ... ခင်ဗျားတို့ ဘက်က ခြင်ကိုက်တာ ဖြုတ်ကိုက်တာ တွေပါ လိုက်ရှင်းမနေနိုင်ဘူး၊ အဲဒီတော့ ရှင်းရမယ့်ကိစ္စကို အကြွေးမ ထားပါနဲ့ ..."

အပြောကတော့ ကောင်းပါဘိ ...။ သူ့အလုပ်တွေကို လွှဲပေးထားတာ အလကား ပေးလိုက်တာလား ...။ ဒါတွေကို အစက်အပေါက် အပြောက် အကြားမရှိအောင် ထိန်းသိမ်းနေရတာ ဘာတွေပြန်ရလို့ လဲ ...။ အချိန် တန်ရင် စာရင်းလေးပြေးပြ။ စာရင်းစစ်ဝင်ခါနီးရင် ချွေးပြန်။ ပြောစရာ ရှိပြီဆို ခေါ် ပြောခေါ်ဆူ။ ကွမ်းယာရောင်းနေရတဲ့ ဘဝကနေ ကုမ္ပဏီ ပိုင်ရှင်ဖြစ်လာအောင် ဒီကုလားထိုင်ပေါ် ဆွဲတင်ပေးလိုက်တာနဲ့ ကျေး ဇူးရှင် ဖြစ်သွားတာလား ...။ ဒေါ်ထားအိမျက်နှာက တင်းနေသည် ။ ပြောဖို့ ပြင်လာတိုင်း မပြောရဲ ဘဲပြန်သွားရတဲ့ အဖြစ်တွေအတွက် ဒီ တစ်ခါလည်း ထိုနည်းနှင်နှင်ပဲမို့ တနုံ့နုံ့ဖြစ်နေ၏။

ကိုယ်တွေဘဝကရော ဆင်းရဲနုံချာခဲ့လို့ လား ...။ ဖားကန့်မှာ လင်မ ယားနှစ်ယောက် ကွမ်းယာ ရောင်းစားခဲ့တာ အေးဆေး။ ဒါ့အပြင် ကျော က်တူးသမားတွေရဲ့ ကိုးကွယ်ရာတောင် ဖြစ်လိုက်သေးသည် ။ နေရာတ ကာ စပ်စုတတ်သည့် သူမက ကျောက်ဖြတ်ကျွမ်းကျင် အဆင့်နဲ့ ဆိုင်ထိုင်ခဲ့သည် ။ ကွမ်းယာလည်း ရောင်း ကျောက်တူးသမားတချို့

ပြေးလာရောင်းကြသည့် အကြွေ စလေးတွေ ပြန်ကောက်။ ထို ပတ်ဝန်းကျင်မှာ ဆရာကြီးပါ။ သို့သော် ကံဆိုးချင်တော့ ရမလားလို့ ခွ ကျော်ဖို့ ကြိုးစားမိကာမှ ပြဿနာတွေ ထတက်ကာ လင်မယားနှစ်ယော က် ကယောင်ကတမ်းနှင့် လူနှစ်ယောက် သတ်မိခဲ့၏။ ထိုလူနှစ်ယောက် ရဲ့ အတွင်းပိုင်းက မင်းမြတ်စည် ဖြစ်နေခြင်းနှင့် ဆက်နွှယ်ပြီး ပတ်သက် မိခဲ့ကြသည် ။

ဒေါ်ထားအိ ဘာတွေတွေးနေတာကို သိနေသဖြင့် ဦးမျိုးဝေလည်း မ သက်မသာ ဖြစ်နေမိလေသည် ။ ဒီမိန်းမ ဟိုအရင် လူသတ်မှုကိစ္စကို မင်းမြတ်စည် ကာကွယ်ပေးခဲ့တုန်း ကတော့ မင်းမြတ်စည်မှ မင်းမြတ်စ ည်။ မင်းမြတ်စည် ရောက်နေသည် ကြားတာနှင့် တွေ့ဖို့ ကြိုးစားသည် ။ စားစရာတွေ ယူသွားပေး ဆေးဝါးတွေ ပေးဖို့ အကြောင်းပြပြီး သူများ လိုအပ်အပ် မအပ်အပ် အတင်း ဝင်ရောသည် ။ မင်းမြတ်စည် ဘယ်လိုမျ က်နှာထားနဲ့ နေနေ ... ခေါ်ခေါ် မခေါ်ခေါ် သွားလေရာ လိုက်ပြီး အခွင့် အရေး ထပ်ရဖို့ ကြိုးစား၏။

"ကိုယ့်သားလောက်ပဲ ရှိတာလေးက ကျိကျိတက် ချမ်းသာတယ် ကို မျိုးရေ ... ဒါလေးကို ရှက်မနေနိုင်ပါဘူး၊ မိဘမရှိ မွေးချင်းမရှိတဲ့ သူဌေး လေးကို ကိုယ့်ကို ယုံကြည်လာအောင် လုပ်နိုင်ရင် အားလုံးပြီးပြီ ... "

လို့ ပြောပြီး မမောနိုင်မပန်းနိုင်။ သူမကြိုးစားတာ အရာတော့ ထင်ခဲ့ ပါသည် ။ ကွမ်းယာဆိုင်လေးကနေ အလုပ်သမားတွေ အများကြီးနှင့် ထ မင်းဆိုင်ကြီး ဖြစ်လာခဲ့သည် ။ မင်းမြတ်စည် နောက်ခံ ရလိုက်တာနှင့် လူက နေ့ချင်း ညချင်း ကြီးပွားခဲ့သည် ။ ဒီနေ့ ဒီလိုအခြေအနေ ဖြစ်နေ တဲ့ အထိ။ ဒါနဲ့ တောင် မကျေနပ်နိုင်ပါလား ...၊

"ကျွန်မတို့ သစ္စာရှိရှိ လုပ်ကိုင်ပေးလာတာ ကိုးနှစ်ဆယ်နှစ် ရှိနေပြီ .

.. အလုပ်သမားတွေ မလေးမစား မယုံမကြည် မျက်လွှာ ပင့်ကြည့်ခံရတဲ့ အခြေခံနေမျိုး မရှိသင့်တော့ဘူး ... အနည်းဆုံး သူပိုင်တဲ့ လုပ်ငန်းတစ်ခုခု တော့ မရသင့်ဘူးလား၊ လူရင်းလူခံ တန်ဖိုးကြီးတာ ဘာလို့ လဲ ... နောက်ကျော ဓားနဲ့ ထိုးနိုင်တာ အဲဒီလူတွေလေ ... ဒါကို သင်းက မေ့နေ တဲ့ ပုံပဲ ..."တဲ့ ...၊

ဒီမိန်းမ မင်းမြတ်စည်ကို သွေးတိုးစမ်းချင်နေတာပါ။ အစတည်းက ခုချိန်ထိတောင် ခိုင်းသာ ခိုင်းနေခဲ့သည် ။ တစ်ချက်မှ မျက်နှာသာ မပေး ခဲ့တဲ့ လူစား ...၊

"နောက်တစ်ခု ပြောစရာရှိတယ် ..."

စိတ်ကူးတွေ အဆုံးမသတ်မီ မင်းမြတ်စည်က ပြန်စ၍ ...၊

"ခင်ဗျားတို့ ဒီမှာ လာနေပေးနိုင်မလား ..."

ဟင် ... ဖြစ်ရပြန်ပြီ အထိတ်တလန့် ...

ဒေါ်ထားအိကတော့ မျက်နှာကြီး ဝင်းထိန်သွား၏။ တိုက်ကြီးကိုမော့ ကြည့်လိုက်တော့ မျက်လုံးတွေပါ ဝင်းဝင်းလက်လက် ဖြစ်၏။ တစ် တိုက်လုံး မြင်မြင်သမျှ နံရံတိုင်းလိုလိုက မှန်တွေ လှလိုက်သည့် ဖြစ် ခြင်း ...။ ထိုစဉ် မင်း မြတ်စည်က နေရာမှ ထသွားပြန်ကာ ...၊

"အေး ... ပြော ..."

" ... ... ... ... ... ... ... ... ."

"ဟုတ်တယ် ... ဒီနေ့ဆေးကားလာမယ်၊ ဒေါက်တာ ဦးဒီပါနဲ့ သူ့တပ ည့်ကို သေချာစစ်ယူခိုင်း ... ဆေးရုံမှာ လိုအပ်တာကို ပြန်မှာ လိုက်၊ သူ တို့ စောင့်ယူ လိမ့်မယ် ..."

မင်းမြတ်စည်သည် ကိုယ့်အလုပ်သမားတွေ အတွက် ကျန်းမာရေး ကအစ တာဝန်ယူနိုင်တဲ့ သူ ဖြစ်ကာ တစ်ခါတလေ ရက်စက်တတ်ခြင်း တွေက သူ့ရဲ့ တာဝန် ယူတတ်မှုတွေကို မေးခွန်း ထုတ်စရာ ဖြစ်ခဲ့ရသည် ။ ဒေါ်ထားအိ ရင်ထဲက ကျေနပ်ခြင်းတို့ သည် မင်းမြတ်စည်သည် အလွန်မတန် လေးစား ချစ်ခင်ဖွယ် ဖြစ်နေပြန်ကာ ...၊

"ပြောပြီးပြီလားဟင် ... ခုနမေးတာလေးလေ ဖြေချင်လို့ စောင့်နေ တာ၊ အဟွန်း ..."

နေရာမှ ထလိုက်သွားတဲ့ အထိ ဣန္ဒြေ မဆောင်နိုင်ခဲ့ဘဲ ...၊

"ဒီအိမ်မှာ တို့ လင်မယားလာနေရမှာ ဆိုတော့ ... မင်းကရော ..."

"ကျုပ်ဇနီးလောင်းကို စောင့်ရှောက်ပေးဖို့ ပါ ..."

ဖုန်းကို အိတ်ထဲပြန်ထည့်၍ မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်ကာ ...၊

"ကုမ္ပဏီက နားနေဆောင်ကို ဒီတိုင်းပြန်ထားခဲ့ပါ ... ပြီးတော့ နောက်ထပ် မိန်းကလေး နှစ်ယောက် ထပ်လိုချင်တယ်၊ အသက်သိပ်မငေ ယ်စေနဲ့ ... ပွဲစားလာပို့ရင် ဒေါ်ထားအိ သေချာကြည့်ပေးဖို့ ပြောတာ ..."

"ဒီမှာ တစ်ပတ်နှစ်ကြိမ် သန့်ရှင်းရေး လာလုပ်ကြတဲ့ ..."

"သူတို့ ကသတ်သတ် ... အခု ကျုပ်ဇနီးလောင်းကို ဂရုစိုက်ပေးဖို့ သီး သန့်လိုချင်တာ၊ ဒေါ်ထားအိက မိန်းကလေးတွေနဲ့ အိမ်မှုကိစ္စကို စီမံခန့် ခွဲရုံပဲ ..."

ဒါကျတော့ မာနက ခေါင်းထောင်လာသည် ။ ကုမ္ပဏီတစ်ခုလုံးကို ဦးဆောင်ချင်လို့ ဘယ်လိုရယူရမလဲ ကြံစည်နေတဲ့ သူကို အိမ်တော် ထိန်း လုပ်ခိုင်းနေတာလား ...၊

"ဒါဆို ငါတို့ တွေက ..."

"ဦးမျိုးဝေနဲ့ ဆိုဖြစ်ပါတယ် ... အလုပ်ကိစ္စမှာ မိန်းမတွေ ဝင်စွက်ဖက်တာလည်း ကျွန်တော် မကြိုက်ဘူး ..."

ဦးမျိုးဝေစိတ်ကို သူသိသည် ။ တစ်ချက်ခုတ် နှစ်ချက်ပြတ်။ ဦးမျိုးဝေ ဘေးမှာ ဒေါ်ထားအိ ရှိနေခြင်းက ရေရှည်မှာ အပြောင်းအလဲတွေ ရှိလာနိုင်တာမို့ ဤကဲ့သို့ ...။

"တစ်ခု ထပ်ပြောမယ် ဒေါ်ထားအိ ... ကျုပ်နဲ့ ပတ်သက်နေရင် မမေးဘဲမဖြေနဲ့၊ မပေးတာကို မတောင်းပါနဲ့ ... ကျုပ်က အားမနာတတ်ဘူး ... "

ပွဲက ပြီးသွားသည် ။ ဒီကို သူမဖိတ်ဘဲ အရဲစွန့်လာခဲ့ကြတာ ဘာလဲဆိုတာကို မမေး။ သူဖိတ်ခေါ်တာကို လက်ခံ မခံ အဖြေကိုမစောင့်။ ပြောချင်တာ ပြောပြီး ထထွက်သွားသည် ။ ဒေါ်ထားအိ ရှုံ့မဲ့မဲ့ မျက်မှောင်ကုတ်နေလျက် ...။

"ဇနီးလောင်းတဲ့ ... ဘယ်မိမရှိဖမရှိက မယူရသေးဘဲ အိမ်ပေါ်လာနေ တာလဲ၊ မကြားဖူးဘူး ..."

"မိနဲ့ ဖနဲ့ လည်း သူလိုချင်မှ ယူမှာ ပေါ့ကွ ... ဒီမှာ ထား မင်းရဲ့ ဘေးပတ်ပတ်လည်ကို ကြည့်လိုက် ..."

ကြည့်ဆိုတော့လည်း ထပ်ကြည့်မိသည် ။ သို့သော် မကျေနပ်စိတ်နှင့် မျက်စောင်းရွယ်ရင်း ...

"ဘာလဲ ... မှန်တွေလေ၊ ကိုယ့်ပုံကိုပြန်မြင်နေရတာ ဘာဖြစ်လို့ လဲ ...
."

ဦးမျိုးဝေက ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီး အသံကိုနှိမ့်၍ ...။

"ဒီအိမ်ထဲမှာ သူတစ်ယောက်ပဲ ဖိနပ်စီးထားတာတွေ့လား ..."

ဒါဘာဆန်းလို့ လဲ ... မင်းမြတ်စည် နေရာတကာ စီးကြောတတ်တာ အားလုံးအသိ။ ဒေါ်ထားအိ မျက်လုံးတွေက မင်းမြတ်စည်ရဲ့ ခြေထောက်က မှောင်လက်နေသည့် ရှူးဖိနပ်ဆီ လိုက်ကြည့်ရင်း ...၊

"အဲဒီတော့ ဘာဖြစ်လဲ ..."

"မသိဘူး ... ဖြစ်တော့ဖြစ်တယ်၊ အဲဒါသေချာတယ် ... မင်းမြတ်စည် တစ်ခုခု ထူးခြားတာ လုပ်ပြီဆိုရင် အဲဒါ အကြောင်းမဲ့တော့ မဟုတ်ဘူး . .."

"ရှင်ကိုက နေရာတကာ အထင်တကြီး လိုက်ကြည့်နေတာ" လို့ ပြောလိုက်မိသည် ။ သို့သော် ဧည့်သည် အိမ်သား ဖိနပ်မစီးရ အမိန့်နှင့် အတွင်း Decoration အားလုံးကို မှန်ကာထားရခြင်း အကြောင်းကို ဒေါ်ထားအိ စဉ်းစားနေမိဆဲ ...၊

* * * * *

# အခန်း(၅)

"အလုပ်ထဲမှာ ထိခိုက်မှုဖြစ်လို့ သူဌေး ..."

သူကားပေါ်တက်ဖို့ ပြင်နေကာမှ သတင်းဆိုးက နားထဲရောက်လာသည် ။

"ဘယ်နှယောက်လဲ ..."

"ဒီကနှစ်ယောက်တည်းသူဌေး ... ဒါပေမဲ့ အခြေအနေဆိုးတယ်၊ ပြီးခဲ့တဲ့ တစ်နာရီလောက် ကလည်း မြေစာချတဲ့ ကား ကမ်းပါးပြိုလို့ လူနှစ်ယောက်ထိထားသေးတယ် ..."

"အမြန်ဆုံး ဆေးရုံပို့ဖို့ လုပ် ... ဝဏ္ဏကို ငါ့ဆီလွှတ်လိုက် ..."

လေဆိပ်သွားဖို့ ကားနားရောက်နေကာမှ နောက်ပြန်လှည့်ခဲ့ရကာ စိတ်က သုမနောဆီ တစ်ချက် ရောက်၏။ သူမကို နေရာစိမ်းမှာ လူစိမ်းတွေနဲ့ ထားခဲ့ရတာ အဆင်ပြေပါ့မလား ...။ တစ်ခါမှ မခံစားဘူးခဲ့သော နောက်ဆံ တင်းခြင်းက လူကိုဒုက္ခပေးလေသည် ။

"သူဌေး ... ဒေါက်တာဦးဒီပါ မရှိဘူး ..."

"ဘာ ..."

"ကျွန်တော် ရှိပါတယ် ..."

ဦးဒီပါ့ါတပည့် အကူဒေါက်တာ ဟိန်းကိုက လူနာနဲ့ အလုပ်သမား

တွေ ကြားထဲက ပျာယိပျာယာ ထွက် လာပြီး လူလုံးပြသည် ။

"ဒီမှာ ... ဒါ ကျွန်တော်တို့ လူတွေ မဟုတ်ဘူး ၊ ဟိုခုတင်ပေါ်က လူက ဦးကျင်ကြီးတို့ ဘက်က ... ဟိုဘက်က နှစ်ယောက်ရောပဲ ..."

"အပေါ်ထပ်မှာ လည်း တို့ လူမဟုတ်တာတွေရှိသေးတယ် ..."

ဆေးခန်းရောက်တာနဲ့ တိုင်သံတွေ ပလူပျံနေတော့သည် ။ ဝဏ္ဏာကို ကြည့်ခိုင်းထားခဲ့ဖို့ သူစီစဉ်တာပါ။ ဒီမှာ ဒီလိုတွေရှိနေကြောင်း ဝဏ္ဏာက အရင် အစီရင်ခံခဲ့တာဖြစ်သည် ။ ဒါကြောင့် ကိုယ်တိုင်လာကြည့်ခဲ့တာ ကြားခဲ့ရတဲ့ အတိုင်း ...၊

"ငါတို့ လူနာတင်ဖို့ ခုတင်မရှိတော့ဘူးလား ..."

"မရှိတော့ဘူးသူဌေး ..."

"ဒီလိုပါ ကိုစည်ရယ် ..."

ဒေါက်တာဟိန်းကိုက ထွက်လာကာ ...၊

"တချို့လူနာတွေက ငှက်ဖျားမိတာတွေပါ ..."

"ငှက်ဖျားမိမိ ငှက်ရင်းမိမိ သူတို့ သူဌေးတွေ တာဝန်ယူပေ့စေ ... ဒီဆေး ခန်းထောင်ထားတာ ငါ့လူနာတွေအတွက် ငါရင်းနှီးခဲ့တာ ..."

"ဟုတ်ပါတယ် ... ဒါပေမဲ့ အသက်တစ်ချောင်းဆိုတာ ..."

"အသက်တစ်ချောင်းချင်းယှဉ်လာရင် ကိုယ်လိုချင်တဲ့ အသက် ကိုယ်ယူမှာ ပေါ့ကွ ... ဒီနေရာမှာ မင့်မိသားစုဆိုရင်ရော မင်းလူကို ကျော်ခိုင်းပြီး တခြားလူကို ဆေးကုပေးမှာ လား ..."

ဟိန်းကိုမျက်နှာပျက်သွားသည် ။

"ဟိတ် ... ငါတို့ ခုတင်ဘယ်နှလုံး လိုသလဲ ..."

"အရေးပေါ်ထဲကကောင်တွေ အတွက်ရော လေးလုံးလိုတယ် သူဌေး ..."

"လေးလုံး လွတ်သွားအောင် ဆွဲချပစ် ..."

"ခဏ ... ခဏလေးပါ ..."

ဟိန်းကိုက ကြမ်းပေါ်မှာ ချမည့် လူနာတွေ အဆင်ပြေအောင် ပြေးလွှား လုပ်ကိုင်ပေးသည် ။ အလုပ်သမားချင်းပဲ လူနာရှင် လုပ်ကြတာမို့ လူနာနဲ့ အလုပ်သမားတွေ ရှုပ်ယှက်ခတ်သွားကြသည် ။ မင်းမြတ်စည် ဒေါသထွက်နေ၏။

"တောက် ..."

ဒေါက်တာဦးဒီပါဆီ ဖုန်းခေါ်တော့ မကိုင်။ ဒေါက်တာဟိန်းကိုက ရိုးသားသလောက် ဦးဒီပါက ခြေလှမ်းကျဲနေသည် ။ ဘာတွေ ခြေလှမ်းကျဲနေလဲ ဆိုတာလည်း သူသိသည် ။ ဒါပေမဲ့ ကိုယ့်အတွက် မထိခိုက်သေးဘူး ဆိုရင် မသိချင်ယောင် ဆောင်နေပေးလို့ ရသည် ။ ကိုယ်နဲ့ ငြိမှာ ကိုသိလျက်နဲ့ လုပ်တာ ဆိုရင်တော့ ဒါက စော်ကားခြင်းသာ ဖြစ်သည် ။

လမ်းကြမ်းသည့် နေရာမှာ ကားကိုရပ်ပြီး ဆင်းလိုက်သည် ။ လူထက် ဒေါသကရှေ့ကပြေးနေသဖြင့် လှည့်လည်း မကြည့်တော့ဘဲ ...၊

"သူဌေး ... ကျွန်တော် လိုက်ခဲ့မယ် ..."

"မလိုဘူး ... ကားကို လမ်းပြန်ယူထား ..."

ကားသော့ ပစ်ပေးခဲ့ပြီး တောလမ်းလေးအတိုင်း ဝင်လာခဲ့သည် ။ ‘ ရေချမ်းစင်နောက်က တောစပ်မှာ ’ လို့ သိလိုက်တည်းက ဦးဒီပါ ဘယ်ရောက်နေပြီကို သူသိသောကြောင့် ...၊

"ကိုကိုနော် ... ကရင်ကြီးတို့ တွင်းကြောနဲ့ အဆင်ပြေအောင် ဒီက စ ပို့တင်း လုပ်ပေးထားတာ၊ လူကိုတော့ မေ့ဖို့ စိတ်မကူးနဲ့ ..."

စကားသံတွေ အတိုင်းသား ထွက်ပေါ်လာသည် ။ သူတစ်လှမ်းချင်း တိုး လာလေ ပီပြင် လာလေ။ တံစက်မြိတ်ရှေ့မှာ ရပ်မိတော့ အတိုင်း သား ...၊

"မှန်မှန်ပြောစမ်းပါ ... ကျင်ကြီးဆီက ဘယ်လောက်ရထားလဲ၊ သူ့လူ နာတွေ အကုန် ကိုကို ကုပေးနေတာ၊ မရသေးဘဲနဲ့ တော့ မဖြစ်နိုင်ဘူး .. ."

"မရသေးပါဘူးဆို ကြည်ကလည်း ကွာ ... မိုင်းထိတာတွေ တွင်းပိ တာတွေ ဆက်တိုက် ဖြစ်နေလို့ ၊ သူငွေးဆင်းလာမှာ တွေးပူနေရတဲ့ အ ထဲ ..."

"မင်းမြတ်စည်ကိုပဲ ကြောက်မနေနဲ့ လေ ... ကိုကိုရှာတဲ့ ပိုက်ဆံကို ဒီ မှာ တော့ ကြည်ပဲရမှ ဖြစ်မှာ နော်၊ မဟုတ်လို့ ကတော့ မင်းမြတ်စည်ထ က် ဆိုးမှာ သတိထား ..."

"ဒုန်း ..."

"ဟ ..."

"အပြင်က ဘယ်သူလဲ ..."

အင်္ကျီဝတ်ပြီး ကြယ်သီး တပ်လက်စနှင့် ဦးဒီပါ ခေါင်းပြူကြည့်သည် ။ အပြင်ကို ပြေးထွက်ကြည့်သည့် ကြည်လွင်လည်း ဟင်ခနဲ ဖြစ်သွားခဲ့ ပြီး ...၊

"ဦးဒီပါကိုခေါ်လိုက် ..."

"ကို ... အဲ ဒေါက်တာက ဒီမှာ ဘယ်လိုလုပ် ..."

"ဝုန်း ..."

"အမလေး ..."

အိမ်ရှေ့မှာ ကာထားသည့် အရံအတားတွေ အကုန်လုံး မင်းမြတ်စည်ရဲ့ ကန်ချက်ဖြင့် ဝုန်းခနဲ ပြိုလဲကုန်၏။ မကြည်လွင်သည် လည်း သူ့မောင်တွေ ယောက်ျားတွေ အားလုံး မင်းမြတ်စည်ရဲ့ ကျောက်တွင်းက အလုပ်သမားတွေပဲ ဖြစ်သောကြောင့် နောက်ဆုတ်ပြေးသွားလျက် ...၊

"ကိုကိုရေ ... လာပါဦး ..."

ဒေါက်တာဦးဒီပါ ပြေးထွက်လာကာ ခုမှ တွေ့သည့် ပုံစံနှင့် ...၊

"ဘာလဲ ... ဘာဖြစ်တာလဲ ..."

"သ ... သူဌေး ဒီမှာ ..."

အိမ်အပြင်ဘက်မှာ မားမားကြီး ရပ်နေသည့် မင်းမြတ်စည်ကို သူတွေ့သည် ။ သို့သော် အပြင်ထွက်လိုက်မှ မြင်သည့် ပုံစံနှင့် ...၊

"ကိုစည် ..."

"ခင်ဗျားကို ခြွေရံသင်းပင်းနဲ့ နေစရာနေရာ ... စီးစရာကားနဲ့ ပေးထားတာ ဒီအချိန် ဒီတဲထဲ ရောက်နေဖို့ လား ..."

"ဒါ ..."

ရုတ်တရက် သူစကား ထစ်သွားသည် ။ ပြီးမှ ...၊

"ဒီလိုနေရာတွေမှာ လူနာက အမြဲတမ်း ရှိနေတာပဲကွာ ... ငါလည်း ငါ့အချိန် ... ."

"ခင်ဗျားအချိန်တွေ အတွက် ကျုပ် အဆမတန် ပေးဝယ်ထားတာ ... ဘာကြောင့် မို့လို့ လဲ ..."

"မင်းငါ့ကို အဲ့လိုပုံစံ လာမလုပ်နဲ့ ... ငါကဆရာဝန် ..."

"အဲဒီတော့ ဘယ်လိုပုံစံလုပ်စေချင်တာလဲ ..."

မင်းမြတ် စည်ရှေ့တိုးလာလျှင် ဦးဒီပါ နောက်တွန့်သွားသည် ။ သို့သော် မင်းမြတ်စည်က သူ့အင်္ကျီရင်ဘတ်ကို ဆတ်ခနဲ ဆွဲယူလိုက်ကာ မျက်နှာချင်းနီးအောင် ယူလိုက်ပြီး ...၊

"တခြားကိစ္စ ခင်ဗျားနဲ့ နောက်မှ ရှင်းမယ် ... အခု အရေးပေါ်လူနာတွေ စောင့်နေတယ်၊ ရှေ့ကသွား ..."

ဆောင့်တွန်းလိုက်တော့ ဦးဒီပါစိုက်ခနဲငိုက်ကျသွားသည် ။ ထိုစဉ်တောထဲက လူရိပ်တွေအလျှိုအလျှို ထွက်လာကြသည် ။ ထိုသူတို့ သည် ဦးကျင်ကြီးရဲ့ လူမိုက်တွေပဲဖြစ်ကာ ...၊

"ဒေါက်တာကိုလာပင့်တာ ..."

"ဒေါက်တာကို သူဌေး ခေါ်ခိုင်းလိုက်တယ် ..."

"ကျုပ် ..."

နှစ်ဖက်လာဆုံနေသဖြင့် ဦးဒီပါ မျက်စိမျက်နှာ ပျက်နေတော့သည် ။ သူဘာလုပ်ထားတယ် ဆိုတာ မင်းမြတ်စည် သိသွားပြီမို့ ထိတ်လန့်နေသည့် စိတ်က ချွေးတွေ ချက်ချင်း စို့လာသည် ။ ဟိုဘက်ကြည့်ဒီဘက်ကြည့်နှင့် လက်သီးဆုပ်တို့ ကတုန်ကယင် ဖြစ်သွားပြီးမှ ...၊

"ကျုပ်မှာ လည်း လူနာတွေ အရေးကြီးနေလို့ ဆေးခန်း ပြေးရဦးမယ် ... ပြီးမှ ပဲ ..."

"ဟာ ... ဘယ်ရမလဲ၊ ဟိုမှာ အရေးပေါ်ဖြစ်နေလို့ ..."

"ဟုတ်တယ် ... လူနာက ရွှေ့လို့ တောင် မရတော့ဘူး၊ ဟိတ်ကောင်တွေ ခေါ်လာခဲ့ ..."

ဆရာဝန်ကို ဆွဲချုပ်ခေါ်တော့မလို ဖြစ်လာလျှင် မင်းမြတ်စည်က ရွှေ့လာသူနှစ်ယောက် ရှေ့မှာ ပိတ်ထားလိုက်ကာ ...၊

"ဒါမင်းတို့ သုံးစွဲခွင့်ရှိတဲ့ ပစ္စည်း မဟုတ်ဘူး ..."

"မင်းမြတ်စည် ... ငါတို့ မှာ ဆေးခန်းအထိုင် မရှိပေမဲ့ ဒီဆရာဝန်က ငါတို့ ဆီမှာ အမြဲတမ်း ရှိနေတာနော် ..."

"ဟာ ... အဲ့လိုမပြောနဲ့ လေ ..."

ဦးဒီပါ ထစ်ထစ်ငေါ့ငေါ့ ဝင်တားသည် ။ သို့သော် နှစ်ဖက်စလုံးသည် သူ့ကို အရေးမစိုက်ကြဘဲ ...၊

"ဟွန်း ... မင်းရဲ့ လခက ငါတို့ ပေးတဲ့ တစ်ခါ ခြေကြွခတောင် မရှိဘူး ... မသိရင် မေးကြည့်လိုက် ..."

မင်းမြတ်စည်က ဦးဒီပါလက်မောင်း အင်္ကျီစကို ဆောင့်ဆွဲပြီး နောက်ကို တွန်းပို့လိုက်ကာ ...

"ဒါရှင်းလိုက်ဦးမယ် ... ခင်ဗျားသွားနှင့် ..."

"ဟိတ်ကောင် ..."

ဦးဒီပါကို ပြန်ဆွဲဖို့ ပြေးလာသည့် တစ်ယောက်ကို မင်းမြတ်စည်က ခြေထောက်နဲ့ လှမ်းကန်ပစ်လိုက်သည် ။ နောက်ထပ် ဘေးက ဝင်ရိုက်တဲ့ သူ ကိုင်ထားသည့် တုတ်ကြီးက နည်းတဲ့ အရှည်မဟုတ်။ သူရှောင်လိုက်တာနှင့် ဦးဒီပါကို ထိသွားမှာ သေချာသည် ။ ဘေးမှာ ဓားမြှောင်

ကိုင်ထားတာ တစ်ယောက်။ သူလက်ဖျံအနာခံပြီး တုတ်ကိုဆွဲလုကာ ဓားမြှောင်သမား၏ လက်ကို တစ်ဆက်တည်း ရိုက်ချပစ်လိုက်၏။ အရေးအတွက်ချင်း မမျှပေမဲ့ အရည်အချင်းက ကွာသည် ။ သူ့လက်ထဲကို တုတ်ရောက်သွားတာနှင့် တစ်ဖက်က လူမိုက်တွေ ဖရိုဖရဲဖြစ်ကုန်ကာ နှစ်ယောက်သည် လဲတဲ့ သူလဲ ခေါင်းကွဲတဲ့ သူကွဲ။ မင်းမြတ်စည်က ဒယိမ်းဒယိုင် ရပ်နေသည့် နှစ်ယောက်ထံ တုတ်ရှည်ကို ပစ်ချပေးလိုက်ကာ ...။

"မင်းတို့ သူဌေး ငါ့ဆီလွှတ်လိုက် ..."

* * * * *

# အခန်း(၆)

ကျွန်မက သုမနောပါ ...

အဖေနဲ့ အမေရယ် မောင်လေးရယ် မောင်လေး ရှင်ပြုဖို့ အတွက် မြို့မှာ ဈေးဝယ် ထွက်လာကြတုန်း ကားပြတိုက်ခံရပါတယ် ... သုံးယောက်စလုံး ကားပြသတ်လို့ သေသွားပါပြီ ... ကျွန်မ ဘာဖြစ်လို့ စကားမပြောနိုင်တော့မှန်း မသိပါဘူး ... အဲဒီတုန်းက ကျွန်မ သုံးတန်းပဲ ရှိပါသေးတယ် ... အမေဒေါ်သဲဖော့တို့ က ကျွန်မအမေတို့ နဲ့ သူငယ်ချင်းတွေပါ ... တစ်ရွာခြားပေမဲ့ အိမ်မှာ ဝင်ထွက် စားသောက်နေကြတဲ့ သူတွေပါ ... အမေတို့ တစ်ပြိုင်တည်း ဆုံးသွားတော့ အမေသဲတို့ က ခေါ်မွေးခဲ့ပါတယ် ... ကျွန်မ စကားမပြောနိုင်ပေမဲ့ အလယ်တန်းကျောင်းထိ အဖေက ပခုံးနဲ့ ထမ်းပြီး လိုက်ပို့တာပါ ... အဲဒါကြောင့် ကျွန်မ ခုနှတန်း အောင်ခဲ့ပါတယ် ... နောက်ထပ် ကျောင်းတက်ဖို့ အဆင်မပြေတော့လို့ မတက်ရပါဘူး ... ဦးပေသီးကို အမေသဲတို့ ပေးစရာကြွေးတွေ အများကြီးရှိတယ် ... အဲဒါကို ကျွန်မကလွဲပြီး ဆပ်ပေးနိုင်မှာ မဟုတ်ပါဘူး ... ဒါပေမဲ့ အဲဒီလူကြီးကို ကြောက်တယ် ... ဒါကြောင့် ကျွန်မ ထွက်ပြေးမိတာပါ ... ကိုကြီးကို ကျေးဇူးတင်ပါတယ် ... ဒါပေမဲ့ ကိုကြီးရဲ့ မိန်းမတော့ မလုပ်ချင်ပါဘူး ... ကျွန်မက ဒုက္ခိတပါ ... ဒီအိမ်မှာ ကြိုက်တာခိုင်းပါ ... မတော်ရင် ဆုံးမပါ ... ကျွန်မအတွက် နေရာကို ... ... .

"တင်းတောင် ... တင်းတောင် တင်းတောင် ..."

မြည်သံတစ်ချက် ကြားလိုက်သည် ။ ဘာသံလဲ နားစွင့် နေတာနှင့် နေရာကမ ထဖြစ်ပေ။ ထိုစဉ် ဒေါ်ထားအိ အခန်းရှေ့ရောက်လာကာ ...၊

"ဟဲ့ ... နင်နားလေးနေသလား၊ ဘာလဲ 'အ' ရုံတင်မကဘဲ နားပါ ကန်းသွားတာလား ... အပြင်မှာ ဒီလောက် ဘဲလ်တီးနေတာ မကြားဘူး လား၊ သွား ... မြန်မြန်သွားဖွင့် ..."

သူမ ခေါင်းလေး တညိတ်ညိတ်နှင့် 'သွားမြန်မြန်' လို့ ပြောသည့် စကား အဆုံးမှာ ကိုင်ထားသည့် ဘောလ်ပင်န်လေးကို ချပစ်ခဲ့ပြီး အိမ် ရှေ့ပြေးထွက်ခဲ့သည် ။ မှန်တစ်ထပ်နှင့် ဘာဂျာတံခါးရှေ့မှာ ဆံပင်ခါး လယ်လောက် အတွန့်လေးတွေနှင့် မိန်းကလေးတစ်ယောက်။ သုတံခါး ဖွင့်နေတုန်း သူမက စူးစိုက် ကြည့်နေကာ တံခါးပွင့်သွားသည် နှင့် ...

"နင်က ' အ' နေတဲ့ တစ်ယောက်လား ..."

သုငေးကြည့်နေပြီးမှ ခေါင်းညိတ်ပြသည် ။ သူမက နှုတ်ခမ်းမဲ့ပခုံး တွန့်လိုက်ပြီး ...၊

" ' အ' နေလို့ တော်သေးတယ် ..."

"ဟုတ်ပ ... ဟုတ်ပ နရီရေ၊ သူ့ကိုယ်သူ တကယ်ပဲ သူဌေးကတော် ဖြစ်မယ် ထင်နေလားမသိဘူး ... တစ်ပင်တိုင်မြနန်းထဲမှာ အချိန်ပြည့် စံမြန်းနေတာလေ၊ ခေါ်ထုတ်မှ ထွက်တယ် ... ခိုင်းမှ လုပ်တယ် ..."

"နရီ လာပြီပဲ ဒေါ်ဒေါ်ရယ် ... ထားလိုက်စမ်းပါ၊ အားဟား လှလိုက် တဲ့ တိုက်ကြီး ..."

"အောင်မယ်လေး ... လှလိုက်တာဆိုလို့ သတိရတယ်၊ ချွတ် ချွတ် ... ညည်းဥစ္စာ ချွတ်လိုက်စမ်းပါ၊ မြင်သွားရင်တော့ မိုးမီးလောင်တော့မှာ ပဲ ..."

ရှေ့ကနေ တလွှားလွှားသွားနေသည့် နရီက အလန့်တကြား ပြန်လှည့် လာကာ ...၊

"ဘာလဲဟင် ... ဘာကို ချွတ်ခိုင်းနေတာလဲ ..."

သူမကလည်း ပေါင်တစ်ဝက်လောက်ပဲ ရှိသည့် ဘောင်းဘီ တိုကျပ်ကျပ်လေး ဝတ်ထားတာမို့ မလုံမလဲဖြစ်နေကာ ...၊

"ကိုစည်က ဒီလိုဝတ်တာ မကြိုက်ဘူးလား ..."

"မဟုတ်ပါဘူး ... ညည်းဘာသာ ဘာတွေဖော်ထားထား အဲဒီကောင်က ဂရုစိုက်မှာ မဟုတ်ဘူး ၊ ဖိနပ် ... ဖိနပ် အဲဒီဖိနပ်ကို အပြင်မှာ ချွတ်ပစ်ခဲ့ရမှာ၊ သွားချွတ် ... သွား ..."

"အို ... သွားချွတ်စရာလား ဒေါ်ဒေါ်ကလည်း၊ ဟိုတစ်ယောက် ... ငါ့ဖိနပ် လာယူစမ်း ..."

သုက သွက်သွက်လေးပြေးလာပေမဲ့ တစ်စုံတစ်ယောက် ကြည့်နေသည့် အဖြစ်ကို ဒေါ်ထားအိ မကျေမနပ် ဖြစ်သွားမိလျက် ...၊

"ဟဲ့ ... မိဝေ ..."

"ရှင် ... လာပါပြီ ကြီးကြီး ..."

မိဝေက ယောကျ်ားဆံပင် တိုတိုနှင့် ပုပုဝဝလေးဖြစ်ကာ အသက်ကတော့ နှစ်ဆယ့်ငါး ကျော်နေပြီဖြစ်သည် ။ သူမကို ကိုယ်ပဲခေါ်လာတာမို့ အနားရောက်လာတာနှင့် စူးစူးရဲရဲ စိုက်ကြည့်ရင်း လက်ပိုက်လိုက်ကာ ...၊

"နင်က ဘာလာချောင်းနေတာလဲ ..."

"မချောင်းပါဘူး ကြီးကြီးရယ် ... မမလေးအတွက် တရော်ကင်ပွန်း

ခေါင်း လျှော်ရည်လေး ပြင်ထားပြီးပြီလို့ အဲဒါပြောမလို့ ပါ ..."

"ဘာမမလေးလဲ ... ဘယ်သူ့အတွက်မှ နင်လုပ်ပေးဖို့ မလိုဘူး၊ ငါ့အမိန့်မရဘဲ ဘာမှ မလုပ်နဲ့ ... ဒီမှာ ..."

ဖိနပ်သွားထားနေသည့် သုရှိသည့် ဘက်ကို လှမ်းကြည့်လိုက်ပြီး မိဝေ လက်မောင်းကို ဆောင့်ဆွဲကာ ...၊

"နင့်ကို ဒီခေါ်မလာခင်တည်းက ငါအားလုံး သင်ပေးထားခဲ့တာ မှတ်မထားဘူးလားဟင် ..."

"ဟုတ် ... ဟုတ်ကဲ့ပါ ..."

"ဒီအိမ်မှာ ငါက အရှင်သခင်ပဲ ... မင်းမြတ်စည်က တစ်လနေလို့ တစ်ခါ ပြန်မှာ မဟုတ်ဘူး ..."

မင်းမြတ်စည် ပြန်လာသည့် အခိုက်မှာ နည်းနည်းလေး ပြောင်းလဲပေးလိုက်ရင် ရပြီ မဟုတ်ဘူး လား ...။ ဒီမိန်းကလေး ဘယ်လောက်လှနေနေ 'အ' နေတဲ့ မိန်းမကိုတော့ မင်းမြတ်စည် ယူမှာ မဟုတ်ဘူး ဆိုတာ တပ်အပ်သိနေသည်။

"နင်ဒီလောက်တောင် တုံးသလား ..."

ဒေါ်သထွက်ထွက်နှင့် နဖူးကို ဒေါက်ခနဲ ခေါက်ပစ်လိုက်ရင်း ...၊

"အရိပ်ပြရင် အကောင်မြင်နော် ... နင်ဒီလိုပုံစံနဲ့ ငါ့အိမ်မှာ မြဲမယ်မထင်နဲ့၊ အိမ်ဖော်လစာမျိုး ပေးထားတာ မဟုတ်ဘူး ... အဲဒီတည်းက နင့်တာဝန်တွေ ကြီးမယ်ဆိုတာ နားလည်ရမယ် ..."

"ဟုတ်ကဲ့ပါ ..."

"ကဲ ... သွားပါစေတော့၊ ဒေါ်သဖြစ်တိုင်းပြောနေတာနဲ့ တော်ကြာ

ဟိုရွှေအ ကြားသွားဦးမယ် ..."

သုအားလုံး ကြားပါသည် ။ ထို့ပြင် နောက်ထပ် ဝေးလွင့်သွားသည့် နေရာမှာ ဆက်ပြောနေကြသည့် စကားတွေ အားလုံးကိုလည်း ...၊

"ဘယ်ကဒုက္ခိတကို သနားပြီး ခေါ်လာသလဲ မသိပါဘူး ... ငါသိတယ်၊ ဒီကောင်မကို အထင်သေးမှာ စိုးလို့ ဇနီးလောင်းလို့ ပြောထားတာ ... ဒါမှ သွေးမတော်သားမစပ် အိမ်ခေါ်လာတာက ကြားကောင်းမှာလေ ..."

"သူ့မိဘတွေကရော ..."

"သိပါဘူးအေ ... မေးလည်း မမေးဝံ့ပါဘူး၊ စကားနည်းနည်း မှားတာနဲ့ မင်းမြတ်စည် ဒေါသကစိတ်က ထောင်းခနဲဆို လက်ကဖောင်းခနဲပဲ ... နာမည်နဲ့ လည်း လိုက်ပ့ါ ..."

"နာမည်က ဘာဖြစ်လို့ လဲ ..."

"မင်းမြတ်စည်လေ ... စည်တီးရင် ပြည်ကြီး တုန်ဟည်းသွားလိမ့်မယ်၊ သူ့ ဒေါသကို သွားမဆွရဲဘူး ..."

ဒီကောင်လေး တစ်ကိုယ်ရေ တစ်ကာယသမား ဆိုတည်းက အနီးကပ် ရင်းနှီးချင်ခဲ့တာ ဒါတွေကြောင့် ။ ခုတော့ သူ့ရဲ့ မိဘဆွေမျိုး အကြီးအကဲနေရာကို ကိုယ်ရခဲ့ပြီဖြစ်သည် ။ ဒါပေမဲ့ သူငွေးဖြစ်ချင်နေသည့် ဆန္ဒကတော့ မပြည့်သေးပါ။ သူများ ကြည့်ရှုစောင်မလို့ စင်ပေါ်ရောက်ခဲ့ပေမဲ့ ခုထိမတ်တတ် ရပ်နေရတုန်းလို့ ကိုယ့်ကိုယ်ကိုယ်ခံစားနေရသည် ။ ကိုယ်တကယ်ပိုင်သည့် နေရာဖြစ်မှ သာ သေချာဖင်ချထိုင်နိုင်မှာ ဖြစ်သည် ။ လောဘကြီးတယ်ပဲဆို ဆို သိမ်းမနိုင်အောင် ချမ်းသာနေသည့် မင်းမြတ်စည်၏ ရှာနိုင်စွမ်းအားကို သူတို့ သာ အသိဆုံး။ မိန်းမသနာလည်း

ရှုပ်ရှုပ်ပွေပွေမရှိ။ သောက်စားသုံး ဖြုန်းတာလည်း မလုပ်။ ဒီကောင်လေး မှာ ပြောစရာရှိတာဆိုလို့ သတ်ရဲဖြတ် ရဲနေသည့် ဉာဉ်ဆိုးတစ်ခုသာ ...၊

"ညည်းကို ငါထပ်ပြောမယ် နရီ ... ငါတို့ သိသလောက် မင်းမြတ်စည်မှာ ချစ်သူမရှိဘူး၊ ချစ်သူရှိနေရင်တောင် ခုချိန်ထိ လွတ်လပ်နေတဲ့ ယောကျ်ား ... ညည်းရုပ်ရည် အရည်အချင်းနဲ့ သူ့ကို ရအောင်စည်းရုံးပါ၊ ယောက်ကျားဆိုတာ အထူးသဖြင့် ဒီလိုယောကျ်ားမျိုးက သိပ်တော်နေတဲ့ မိန်းမကို အထင်တကြီး ဖြစ်လာမှာ မဟုတ်ဘူး ... သူတို့ က သနားချင်တာ၊ သနားစရာကောင်းနေတဲ့ မိန်းမကိုပဲ သူတို့ မြင်တာ ... အဲဒါကြောင့် နေတတ်ရမယ် ..."

ပြောနေရင်း တူမဝမ်းကွဲဖြစ်သည့် နရီကို တစ်ကိုယ်လုံး ဝေ့ဝဲကြည့်၍ နှုတ်ခမ်းမဲ့ကာ ...၊

"ယောကျ်ားလေးရှိတဲ့ အိမ်ကို လာရမှာ ပဲဆိုပြီး ဝတ်စားလာလိုက်တာ ... မသိရင် သူဌေးသမီး ကျနေတာပဲ ..."

"ဟာ ... ဒါလေးတွေက အဖိုးတန်တွေ မဟုတ်ပါဘူး ဒေါ်ဒေါ်ကလည်း ၊ နရီတို့ က ဘာဝတ်ဝတ် ရုပ်ထွက်နေတာပါ ..."

"ဟွန်း ..."

နရီ့မိဘတွေက ဆင်းရဲသည် ။ သားသမီးတွေမွေးပြီး ဆွေမျိုးတွေရှိသမျှ တစ်အိမ်တစ်ယောက် လိုက်ပို့နေတဲ့ အတိုင်း ပညာသင်ပေးပါ ... သူ့စရိတ် လေးသက်သာရင် ပြီးရော စသဖြင့် လောက်လောက် လားလား ရှာဖွေနိုင်တဲ့ အရွယ်တွေပဲ မိဘနားနေရတာမျိုး။ ခုတော့ မိဘတွေလည်း မရှိကြတော့ပေ။ နရီ့ကို သူတို့ ပဲ စောင့်ရှောက်လာခဲ့တာ ဖြစ်ကာ မင်းမြတ်စည်က ကုမ္ပဏီ လုပ်ငန်းတွေ ဦးစီးဖို့ လေ့လာပါ သင်ယူပါဆို

ပြီး မြို့ကိုခေါ်တော့မှ သူမကို ထားခဲ့ရတာဖြစ်သည် ။ ကောင်းဖို့ လား ဆိုးဖို့ လားတော့မသိ။ နရီ့ကို မင်းမြတ်စည်မတွေ့ဘူးပေ …၊

"မှဲ့ရှဲ့နေတာပဲ ဒေါ်ဒေါ်ရယ် … နရီ့ကို အိမ်ဖော်လို နေခိုင်းဖို့ တော့ မ ဟုတ်ပါဘူးနော် …"

"ဟုတ်တယ် … နေရမယ်၊ သူသနားလာအောင် နေရမယ် … ဟိုဟာ မကိုတောင် သနားလို့ အိမ်ပေါ်ခေါ်တင်လာရင် ညည်းက ပညာတတ်၊ သူ့လိုပဲလှတယ် … ပြီးတော့ ငါ့တူမလေး၊ ငါ့တူမ ဆိုတည်းက တစ်ဝက် သေချာပြီး သား …"

သုမျက်ရည်တွေ ဝေ့လာသည် ။ အခန်းဆီကို ခြေဦးလှည့်မိပြီးမှ ‘ တ စ် ပင်တိုင်မြနန်းနဲ့ စံမြန်းနေတယ်’ ဆိုသည့် စကားကို သတိရပြီး ခြေလှ မ်း တုံ့သွားသည် ။ သူမဘဝ ဘာတွေ ဆက်ဖြစ်ဦးမှာ လဲ … မင်းမြတ် စည်ဟာ သူမ ဘဝရဲ့ ကယ်တင်ရှင်လား … ကံဆိုးခြင်းလား … ။ ကယ် တင်ခံရပြီ ဆိုရင် သူမ ဘာဖြစ်မှာ လဲ … ကံဆိုးမိုးမှောင်ကျခဲ့ရင် ဘယ်လိုဆိုးရွားခြင်းတွေ လာမှာ လဲ…။ နရီရဲ့ မျက်နှာသွယ်သွယ် မျက် လုံးဝိုင်းလေးတွေကို မြင်ယောင်လာကာ ဒေါ်ထားအိရဲ့ စကားသံတို့ က အဖြေထွက်လာ၏။

မင်းမြတ်စည်ကို နရီနဲ့ နီးစပ်စေခြင်းမှာ သူမက အမှိုက်တစ်စ ဖြစ် နေခဲ့သည် ။ ထို့ကြောင့် ကယ်တင်ခံရသည် ဖြစ်စေ ကံဆိုးခဲ့တာဖြစ်စေ သူမအတွက် ဘယ်အရာကမှ ကောင်းဖို့ မရှိနိုင်ပါ။ မင်းမြတ်စည်ကို သူ မကျေးဇူး တင်မိခြင်းမှာ လည်း ဦးပေသီးလက်က လွတ်မြောက်ခဲ့ရပြီး အမေသဲတို့ လည်း ကြွေးတွေ ကျေသွားတာကြောင့် ပါ။ ဒီယောကျ်ားရဲ့ ဇနီးအဖြစ် နေရာ ရယူလိုခြင်း မဟုတ်။ ထို့ပြင် မင်းမြတ်စည်၏ ဇနီး လောင်းအဖြစ် သတ်မှတ်လျာထားခြင်း ကိုလည်း သူမလို ဒုက္ခိတက မခံ

ယူထိုက်ဘူး ဆိုတာ နားလည်သည် ။

ဒါဆို သူမဘာကို ဝမ်းနည်းနေမှာ လဲ ... ။ အစတည်းက နုံချာခဲ့တဲ့ ကိုယ့်ဘဝကို ပြန်တွေးပြီး ပြည့်သိပ်လာသည့် မျက်ရည်တွေကို ပြန်သိမ်းဖို့ မျက်တောင် တဖျတ်ဖျတ် ခတ်ပစ်မိသည် ။ တောမှာ လို ဝါးတိုင်ထူ ဝါးကြမ်းခင်းထားတဲ့ တဲထဲမှာ နေရတာမဟုတ်။ ပြောင်းဆန်တွေစားပြီး ဟင်းရွက်စိမ်း ရေကျဲနဲ့ စားရတဲ့ ဘဝထက်လည်း အများကြီးကွာခြားသည် ။ ဘာပဲဖြစ်ဖြစ် မင်းမြတ်စည်က ကယ်တင်ရှင်ပါ။ သူနဲ့ ပတ်သက်နေတဲ့ လူတွေကိုရော ကယ်တင်ရှင်လို့ ပဲ သူမ သဘော မထားနိုင်ဘူးလား . .. ။ သူတို့ တွေအားလုံးက အိမ်ရှင်ရဲ့ ရပ်ဆွေရပ်မျိုးတွေ သူငယ်ချင်းမိတ်ဆွေတွေ ဆိုလျှင် သူမက ဘာမှ မပတ်သက် မသက်ဆိုင်ဘဲ သူစိမ်းတစ်ယောက်ဆီက မရနိုင်သော အကူအညီတွေကိုလည်း တနင့်ကြီး ယူခဲ့သေးသည် ။ ဒါကြောင့် အားလုံးကိုသူမ သည်းခံနိုင်ရမည်။ ဘာခိုင်းခိုင်း လုပ်ရမည်။ ဘယ်လိုထားထားနေမည်။ သူတို့ ကို မင်းမြတ်စည်နဲ့ တန်းတူ လေးစားယုံကြည်ဖို့ ထိ ဆုံးဖြတ်မိ၏။ သို့သော် ...

သူမ ဘာမှ မလုပ်တတ်ပေ။ မီးဖိုချောင်ထဲ ဝင်လိုက်တော့ ခလုတ်တစ်ခု ချောက်ခနဲ ဖိချလိုက်တာနှင့် မီးတွေတောက်လာသည် ။ တရှီးရှီး အသံမြည် လာတတ်တာ ရေနွေးကျိုတဲ့ အိုး။ အသားပေါင်းအိုး ဆိုတာကြီးကို သူမ သေချာတောင် ကိုင်မကြည့်ဝံ့ပေ။ ထို့ပြင် ရေချိုးခန်းထဲ ဝင်လိုက်တော့ ပိုဆိုးသည် ။ နွားစားခေါင်းနဲ့ တူသော ကြွေကန်ကြီးက ရေလည်း မရှိ။ ရေချိုးခန်း ဆိုပြီး ရေဘယ်မှာ မှ မရှိတာ သူမဘာမှ မလုပ်တတ်ပေ။ ထိုနေ့က ခေါင်း ခေါက်ခံရတာကို သတိရကာ ကိုယ့်ခေါင်းကို ပြန်စမ်းမိသည် ။ ဒါတွေနဲ့ အသားမကျမီ အချိန်တွေ မြန်မြန်ကုန်ပါစေ .. . ၊

"ဟဲ့ ... ဘယ်ရောက်သွားလဲ၊ မိသု ... ဟဲ့ မိသုရေ ..."

"ခေါ်နေတယ် ဒေါ်ဒေါ်ကလည်း ... ဟိုက အ‘ အ’ ဥစ္စာ၊ ဘယ်လိုလုပ်ပြန် ထူးမှာ လဲ ... ခဏတော့ စောင့်ဦးလေ ..."

"မဟုတ်ပါဘူး ... အဲ့လောက်ဝေးဝေးမှာ တခမ်းတနား သွားနေနေတာ ကိုက အလုပ် မဟုတ်တာ ... ဟဲ့ မိ ... ..."

ခေါ်သံမဆုံးခင် သုပြေးလာသည် ။ စိမ်းပြာရောင် ရင်စေ့ခါးတိုလက်တိုလေးနှင့် အဝါနှင့် အစိမ်းရောနေသော ချိတ်ပါးထဘီလေးကို ဝတ်ထားသည် ဆံပင်တွေကို သားရေကွင်းနဲ့ စည်းထားတာတောင် ကျောကနေ စည်းချထား သည့် ဆံပင်က ပေါင်လယ်ထိ ထူခဲဝဲဖြာနေ၏။ အိမ်ဖော်နဲ့ တူအောင် ဆင်ထားတော့လည်း တင်းပြည့်သည့် ကိုယ်ရေးပန်းချီက ဘယ့်နှယ် ဆွဲညှစ်ပြထားသလို ထင်းလို့ ပါလား ... ။ ဒေါ်ထားအိမလိုတမာတွေ ဖြစ်သွားမိကာ ကိုယ့်တူမဆီ မျက်လုံးရွှေ့သည် ။ နရီကလည်း ချပ်ချပ်ကပ်ကပ် ပါးပါးလျားလျားလေးပါပဲ။ ဒါပေမဲ့ လှပုံချင်းလည်း မတူ ...

ဘာပဲဖြစ်ဖြစ် နှမ်းပါးခြင်းဟာ ဘယ်လိုမှ အရောင်မထွက်နိုင်ပေ။ မိတ်ကပ်ပါးပါးလေးနှင့် နရီ့မျက်နှာလေးနဲ့ ဝတ်စားထားပုံကိုတော့ ဒီမိန်းမ မကျော်လွှားနိုင်ပါဘူး ...၊

"နင်က ဘယ်တွင်းထဲ ဝင်အောင်းဖို့ စိတ်ကူးနေတာလဲ ... နင့်ကိုယ်နင်သူ ဌေးကတော် ဖြစ်မှာ ပဲထင်ပြီး စိတ်ကူးနေရင် ရူးသွားလိမ့်မယ်၊ မင်းမြတ်စည်လား နင့်ကိုယူမှာ ... ဧည့်ခန်းထဲမှာ အဝတ်သေတ္တာကြီး မမြင်ဘူးလား၊ သွား သယ် ..."

သုခေါင်းညိတ်ပြီး သူမရှေ့ကနေ ခါးလေးညွတ်သွားကာမှ ...၊

"နေဦး ..."

ဒေါ်ထားအိက တစ်ခုခု အမိန့်ပေးပြီဆို လက်ပိုက်တာကအရင်။ လက်ပိုက်လိုက်ပြီး လူကိုစေ့စေ့ကြည့်ပြီးမှ ...

"အဲဒါပြီးရင် ရေချိုးခန်းထဲမှာ အဝတ်ဇလုံရှိတယ် ... ခြံထဲမှာ သွားလျှော်၊ ရေပိုက်ခေါင်း မဖွင့်တတ်ရင် မာလီရှိတယ် ... သူ့ကိုပြခိုင်း၊ အောင်မလေး ... မသိတာကျလို့ မင်းမြတ်စည်ကို သင်းက စိတ်ကူးတွေယဉ်နေတာ ..."

သုထွက်သွားမှ နရီကအနားနားကပ်ကာ ...၊

"ရေချိုးခန်းထဲမှာ ခိုင်းရင်ရသားနဲ့ ... ဘာဖြစ်လို့ လဲ ..."

"နေပူပူမှာ လျှော်မှ အသားမည်းမှာ ပေါ့ ... ဝင်းဖန့်ဖြူနုနေတာကို မျက်စိ စပါးမွေးစူးလွန်းလို့၊ တောသူမို့ပဲ ... ဥကပေါက်လာတာ ကျနေတာပဲ ..."

မဖြစ်ပါဘူး ... မင်းမြတ်စည် မျက်စိကျလောက်မယ့် ကောင်းခြင်းအဖြာဖြာတွေကို တစ်ခုပြီးတစ်ခု ဖျက်ဆီးပစ်မှ ...

* * * * *